http://www.dhammadownload.com

# ပစ္စည်းတန်ဖိုး လူ့တန်ခိုး

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
(ယော) ဆရာတော်

ပစ္စည်းတန်ဖိုး လူ့တန်ခိုး ❒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (ယော) ဆရာတော်

ပစ္စည်းတန်ဖိုး လူ့တန်ခိုး
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
(ယော) ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ

# ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ

ဓာတ်ပုံဓမ္မဒါန
ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)

http://www.dhammadownload.com

http://www.dhammadownload.com

# ပဋ္ဌာန်းတန်ခိုး လူ့တန်ခိုး

တိပိဋကရေ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၆၈၉ / ၂၀၀၁ (၁၀)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၁၄ / ၂၀၀၂ (၁)

◆ ထုတ်ဝေခြင်း၊

ပထမအကြိမ်၊ အုပ်ရေ–၁၀၀၀

တန်ဖိုး – ၇၀၀ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ

◆ အတွင်း၊သားပုံနှိပ်

ဦးကျော်ဖင် (၀၄၂၂၉) ခိုင်ရည်မွန်ပုံနှိပ်တိုက်

အမှတ် ၈၁၊ မိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်

အမှတ်(၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊(ရဲဘော်ကျော်ဆန်း)

ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း (၁)လမ်း၊

ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

သီရိစီစဉ်သည်

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၄၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

# မာတိကာ

## ပစ္စည်းတန်ဖိုး လူ့တန်ခိုး

ပစ္စည်းရှာရုံနှင့် လူ့တာဝန်မကျေ ... ၃

ကိုယ့်လက်ထဲရောက်သော်လည်း
ကိုယ်ပိုင်မဟုတ်သေး ... ၅

တရားနဲ့တောင့်ခံမထားရင် ... ၇

ကိုယ့်ကိုကိုယ် မယုံတာအဆိုးဆုံး ... ၉

လူနဲ့တရားဘယ်အခါမှ
ခွဲထားလို့မဖြစ် ... ၁၁

လူရေးနည်း ... ၁၂

လူဖြစ်အောင်ရေးနည်းကို
ဘုရားကလမ်းညွှန်ပေးတယ် ... ၁၅

တရားကလူကို အမောပြေသွားစေတယ် ... ၁၇

မီးကရေကိုအနိုင်ယူတဲ့ပွဲ ... ၁၉

လောင်ကျွမ်းသွားအောင်
ရှို့မြိုက်ခြင်းမဟုတ် ... ၂၁

စိတ်မှာရင့်ကျက်မှုကျန်ခဲ့ရမယ် ... ၂၃

ပစ္စည်းကိုအဖိုးတန်အောင် အသုံးချသော
နည်းလမ်း (၅)မျိုးရှိ၏ ... ၂၅

ပစ္စည်းကိုအကြောင်းပြုသော
တွက်ကိန်း (၃) မျိုး ... ၂၇

နတ်တွက်တွက်နည်း ... ၂၉

http://www.dhammadownload.com

လူ့စည်းစိမ်နှင့်နတ်စည်းစိမ် ... ၃၁
နတ်တွက်တွက်တယ်ဆိုတာ
ဘဝကိုဖြုန်းပစ်နေတာ ... ၃၃
ငရဲတွက်တွက်ပုံ ... ၃၅
လူတွက်တွက်နည်း ... ၃၇
ထိန်းချုပ်နိုင်ရင် သူတော်ကောင်း ... ၃၉
လူတွက်တွက်ချင်ရင်
လူစွမ်းအားဖော်ထုတ်ဖို့လိုတယ် ... ၄၁
ပစ္စည်းတွေက ကြိုဆိုနေကြပြီ ... ၄၃
လူတွက်တွက်နိုင်ဖို့ အကျိုး (၅)မျိုး ... ၄၅
အလှကြည့်ဖို့မဟုတ် ... ၄၇
ရှိတာကြည့်နိုင်ရင် တရားပဲ ... ၄၉
ဝိပဿနာအောင်လံ လွှင့်ထူနိုင်တယ် ... ၅၁
ခွဲတမ်းချပြီးပစ္စည်းရှာရမယ် ... ၅၃
မိသားစုကို သဒ္ဓါမေတ္တာနဲ့
ပေးကမ်းစမ်းကြည့်ပါ ... ၅၇
ဆွေမျိုးမိတ်ဆွေတွေကို ပြန်ကူညီရမယ်... ၆၁
မျိုးစေ့အမှန်စိုက်ရမယ် ... ၆၃
မျိုးစေ့ကိုတောင် အကြွင်းမဲ့ ယုံသေးရင်... ၆၆
သာသနာ့လမ်းကြောင်းပေါ်က
လူတစ်ယောက်ရဲ့ အလှူလုပ်နည်း ... ၆၉
မြွေဆိုးဖမ်းသလို ... ၇၃

http://www.dhammadownload.com

ကိုယ်နှင့်နှုတ်ကိုသီလနဲ့
ဆောင်ခတ်ပါ ... ၇၅

အဖြူအမည်းနှစ်လမ်းခွဲ

တရားသည်လောကရဲ့
အကြီးမားဆုံးသောအင်အား ... ၈၁
တရားသည်ရေနှင့်တူ၏ ... ၈၃
တရားရေနဲ့ ဆေးကြောပေးမှ ... ၈၅
အဖြူရောင်တရားစွမ်းအားနားလည်လို့ ... ၈၇
အဖြူအမည်းခွန်တွဲပြီး
အကျိုးပေးသူတွေ ... ၉၁
အမည်းရောင်ဆိုတာ ... ၉၃
အဖြူရောင်ဆိုတာ ... ၉၅
အဖြူနဲ့အမည်းတစ်လမ်းစီ ... ၉၇
အမည်းရောင်များပြီး
အဖြူရောင်အားနည်းတယ် ... ၁၀၀
အဖြူရောင်နည်းသော်လည်း ... ၁၀၁
မိုက်မှဗာလခေါ်တာမဟုတ်ဘူး ... ၁၀၃
သဒ္ဓါပညာအားနည်းရင်
ကုသိုလ်မလုပ်ရဲဘူး ... ၁၀၅
ကုသိုလ်လုပ်ရဲကြတာက ... ၁၀၇

http://www.dhammadownload.com

အပြုံနှင့်အမည်းအင်အားချင်း
ယှဉ်ကြည့်ရင် ... ၁၀၉
အပြုံရောင်နှင့်အမည်း
စွမ်းဆောင်ချက်တစ်ခြားစီ ... ၁၁၁
တာဝန်ယူရမှာနော် ... ၁၁၃
တာဝန်ယူသွားတယ် ... ၁၁၅
အကောင်းကသာစမြဲ ... ၁၁၇
ငှက်မှုဆိုးဦးတုတ် ... ၁၁၉
အမည်းရောင်ကို
အမည်းမှန်းမသိဘူး ... ၁၂၁
ကုသိုလ်ပြုခွင့်ကြုံတော့
ဝမ်းသာလိုက်တာ ... ၁၂၃
အပြုံရောင်ကောင်းမှုနဲ့
လာရောက်ရှိးမြှောက်တာ ... ၁၂၅
အလှူတစ်ခုဖြစ်ဖို့ရန်အတွက်
အင်္ဂါ (၃)ချက် ... ၁၂၇
ခက်ခဲတာက သဒ္ဓါတရား ... ၁၂၉
ဒါနမှုအတိုင်းပဲ ... ၁၃၁
အရှိရှေ့ကအသိဦးမဆောင်နိုင်ရင် ... ၁၃၃
အလှူရဲ့ တတိယတာဝန် ... ၁၃၅
စတုတ္ထတာဝန် ... ၁၃၇
ပဉ္စမတာဝန် ... ၁၃၈

http://www.dhammadownload.com

| | |
|---|---|
| ဆင္ဒမတာဝန် | ... ၁၃၉ |
| အဖြူရောင်ကဒ်တစ်ခုပဲ | ... ၁၄၁ |
| အလှူသုနိုးသတိထားဖို့ | |
| အရေးကြီးတယ် | ... ၁၄၃ |
| အဖြူရောင်ကုသိုလ် | |
| အကျိုးပေးမယ့်အချိန်ရောက်လာတော့ | ... ၁၄၅ |
| ဘုရားရှင်ကြွရောက် | |
| ချီးမြှောက်တော် မူတယ် | ... ၁၄၇ |
| စိတ်နဲ့အပူကွာပြီးတော့ | ... ၁၄၉ |

ရွှေစန္ဒာထွန်းစာပေတိုက်မှ
ဆက်လက်ထွက်ရှိမည့်
(ယော)ဆရာတော်၏ဓမ္မဒေသနာများ

(၁) ဩဝါဒပဒေသာ (၂)
(၂) ဘဝပင်လယ်ခရီးသည်
(၃) နှလုံးသားဝယ် ဘုရားတည်

http://www.dhammadownload.com

# ပစ္စည်းတန်ဖိုး လူ့တန်ခိုး

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်

*သာသနာတော်နှစ် ၂၅၄၄၊ ကောဇာသက္ကရာဇ် ၁၃၆၂ ခု၊ တပို့တွဲလဆန်း ၁၂ ရက်၊ ခရစ်နှစ် ၂၀၀၁ ခု ဖေဖော်ဝါရီလ ၄ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက် ပြဿာလမ်း ဓမ္မရက္ခိတဓမ္မာရုံအတွင်း၌ ဓမ္မရက္ခိတဓမ္မာရုံ၏ (၆၄)ကြိမ်မြောက်ဆွမ်းတော်ကြီးတပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အကြောင်းပြု၍ ကောင်းမှုတရားကြီးစားပြုလုပ်အားထုတ်ရာတွင်အမှတ်ရဖွယ်အဖြစ်ဖြင့် ဓမ္မဒါနဓမ္မလက်ဆောင် အဖြစ်ဖြင့် ဝမ်းမြောက်ဖွယ်အဖြစ်ဖြင့် ဟောကြား အပ်သောတရားတော်ဖြစ်သည်။*

လူ့လက်ထဲက ဖြတ်သန်းသွားတဲ့ပစ္စည်းတွေက အသိတရားရှိသူတွေအတွက်တော့ တန်ခိုး

http://www.dhammadownload.com



တွေချည်းပါပဲ၊ အသိတရားမရှိသူတွေအတွက်တော့ အခိုးတွေချည်းပဲ၊ မွှန်းကြပ်ပူလောင်စေသော အခိုးတွေဖြစ်သွားကြတယ်၊ အသိတရားပေါ်မှာ မူတည်ပြီး ကွာခြားသွားကြတာပါ။

ဒါကြောင့် ယခုမိမိတို့မှာ အသိတရားကို ရှေ့ကထားပြီး ကြိုးစားအားထုတ်ပြုလုပ်လိုက်ကြတော့ ပစ္စည်းတန်ဖိုးလူ့တန်ခိုးတွေ မြောက်များစွာ ပေါ်ထွက်လို့လာကြပါတယ်။

ပဥ္စမေ ဘိက္ခဝေ အာနိသံသာ ဘောဂေသု

ဘိက္ခဝေ–ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ ဘောဂေသု–ရှာလိုက် ရလိုက်ကုန်သွားလိုက်ဟု မောဟိုက်မဆုံး အပူတုံးဖြင့် နိမ့်ပြန်မြင့်ပြန် စုံဆန်မျောကာ လူ့ဥစ္စာတို့၌ အာနိသံသာ–ပစ္စည်းတန်ဖိုးလူ့တန်ခိုးဟု အကျိုးဂုဏ်အင် အာနိသင်တို့သည်၊ ဣမေ ပဉ္စ–ဤဆိုအပ်လတ္တံ့သော ငါးမျိုးငါးစား ငါးပါးတို့သည် ဟောန္တိ–ပစ္စည်းတန်ဖိုး လူ့တန်ခိုးဟု ကောင်းကျိုးရအောင် စွမ်းအားဆောင်ကာ ကောင်းစွာမသွေရှိကြပါပေ ကုန်သတည်း။

http://www.dhammadownload.com

# ပစ္စည်းရှာရုံနှင့် လူ့တာဝန်မကျေ

လူနဲ့ပစ္စည်း ပစ္စည်းနဲ့လူ ခွဲလို့မရပါ၊ ပစ္စည်းလေးလက်ထဲရောက်ရပါမယ့်အကြောင်း ရှာရဖွေရတယ်၊ နတ်များလို အလိုအလျောက် လာမပေးကြဘူး။

ပစ္စည်းဟာ လူတိုင်း,လူတိုင်းကေန်ရှာရမယ့်အရာဖြစ်သလို တရားဟာလည်း လူတိုင်းလူတိုင်းရှာဖွေစုဆောင်းရမယ့်အရာဖြစ်တယ်။

ပစ္စည်းတစ်ခုတည်း ရှာဖွေရုံနဲ့ လူ့တာဝန်မကျေပွန်သေးပါ၊ တရားပါတွဲရှာမှ တရားပါစုမှ လူ့တာဝန်ကျေမယ်။

ဖြစ်နိုင်ရင်တော့ ရှာထားတဲ့ပစ္စည်းတွေကို တရားအဖြစ်ပြောင်းပေးလိုက်တာ ပိုပြီးတော့ အရှင်းဆုံး အအေးဆုံးပါပဲ၊ ဒါကြောင့်–

http://www.dhammadownload.com



* တရားဥစ္စာ၊ စုစရာ၊ လူမှာနှစ်မျိုးရှိ၊

ပစ္စည်းရယ် တရားရယ်လို့ လူ့လောကမှာ ရှာဖွေစုဆောင်းစရာ နှစ်မျိုးရှိတယ်၊ လူ့လောကမှာ ဘယ်လူမျိုးဖြစ်ဖြစ် ဘယ်ဘာသာဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ရှာဖွေရေးသမားတွေဆိုတော့ ရှာကြရမှာပဲ၊ အရှာတတ်တဲ့ပုဂ္ဂိုလ်တွေ စွမ်းအားရကြတာပဲ၊ အရှာမတတ်တဲ့ပုဂ္ဂိုလ်တွေ စွမ်းအားပြည့်စုံအောင် မရကြဘူး။

* တရားဥစ္စာ၊ စုစရာ၊ လူမှာနှစ်မျိုးရှိ၊

http://www.dhammadownload.com

# ကိုယ့်လက်ထဲရောက်သော်လည်း ကိုယ်ပိုင်မဟုတ်သေး

* ပစ္စည်းစုမှု၊ ဘုံဆိုင်ဟု၊ ရန်သူ့ဝိုင်း၍ ပူရ၏။

ပစ္စည်းသည် ခန္ဓာနှင့်မကင်းနိုင်လို့ နေ့တိုင်း ရှာရတာ မှန်သော်လည်း ပစ္စည်းဆိုတာကဘုံဆိုင်။

ကိုယ့်လက်ထဲရောက်တာနဲ့ ကိုယ့်ဟာလို့ ပြောလို့ဖြစ်တာမဟုတ်သေး၊ ကိုယ့်လက်ထဲရောက် နေရုံနဲ့ ငါပိုင်ပြီဟဲ့လို့ ပြောလို့ဖြစ်တာ မဟုတ်သေး သူ(ပစ္စည်း)က ဘုံဆိုင်။

တစ်သိန်းရလာရင် တစ်သိန်းတန်ရန်သူ နောက်က လိုက်လာတယ်၊ တစ်သိန်းတန်အပူတွဲ

http://www.dhammadownload.com



ပါလာတယ်၊ တစ်သိန်းတန် ပူပန် ကြောင့်ကျမှုတွေ တွဲပြီးတော့ ပါလာကြတယ်။

* ပစ္စည်းစုမှု၊ ဘုံဆိုင်ဟူ၊ ရန်သူဝိုင်း၍ ပူရ၏။

http://www.dhammadownload.com

## တရားနဲ့တောင့်ခံမထားရင်

* ရှာလိုက်ရလိုက်၊ ကုန်သွားလိုက်၊
မောဟိုက်မဆုံးရှိချေ၏။

တရားနဲ့သာတောင့်ခံမထားရင် ပစ္စည်းများဟာ ရှာလိုက်ရလိုက်ကုန်လိုက် ရှာလိုက်ရလိုက်ကုန်လိုက်နဲ့ တစ်ခါတည်း ပြိုပြိုကျသွားတယ်၊ ဘာကိုမှ အမြဲဆုပ်ကိုင်ထားလို့မရဘူး။

မိုးသီးတစ်လုံးများ လက်ထဲအားရပါးရ ဆုပ်ကိုင်လိုက်သလိုပေါ့ဗျာ၊ ကိုင်လိုက်တာကတော့ အားရပါးရကိုင်လိုက်တာပဲ၊ အပူငွေ့နဲ့တွေ့တော့ တအိအိနဲ့ အရည်ပျော်ကျသွားတာ နောက်ဆုံး ဘာမှ မကျန်တော့ဘူးလေ။

ပစ္စည်းလည်း ဒီလိုပါပဲ၊ ဘာတွေပုံထားပုံထား ဘာတွေစုထား, စုထား တရားမျက်လုံးနဲ့

http://www.dhammadownload.com



ကြည့်လိုက်တော့ ရှာလိုက်ရလိုက်ကုန်သွားလိုက်နဲ့ မောဟိုက်မဆုံး ဖြစ်ရတာချည်းပဲ။

မရှိခင်ကမော, ရှိတော့လည်းမော, လက်ထဲက လွှတ်လိုက်တော့လည်း မော, ကုန်သွားတော့လည်းမော ဒါဟာ တရားနဲ့တောင့်ခံမထားရင်ပေါ့။

တရားအမာခံမရှိရင်တော့ ပစ္စည်းကြောင့် မောနေကြရတာပါ၊ ပစ္စည်းကြောင့် အမောပြေတဲ့ နေ့ကို မရှိပါဘူး။

* **ရှာလိုက်ရလိုက်၊ ကုန်သွားလိုက်**
  **မောဟိုက်မဆုံးရှိချေ၏။**

http://www.dhammadownload.com

# ကိုယ့်ကိုကိုယ်မယုံတာ အဆိုးဆုံး

* ကိုယ့်ကို မယုံ၊ မလုံခြုံ၊ အကုန်ကြောက်ရ၏။
* အဆိုးဆုံးက
* ကိုယ့်ကိုကိုယ်မယုံတာ အဆိုးဆုံး
* တစ်ယောက်နဲ့တစ်ယောက်
* မယုံဘူးဆိုတာထက်
* ကိုယ့်ဟာကိုယ်မယုံဘူးဆိုတာက ပိုဆိုးတယ်၊
* ကိုယ့်ဟာကိုယ်မယုံတော့
* တရားဝင်ပေါက် ပိတ်သွားတယ်၊
* တရားဝင်ပေါက် ပိတ်သွားတော့
* ကိုယ်ပိုင်တရားတွေ ဝင်မလာကြတော့ဘူး။

http://www.dhammadownload.com


* အဖွားတွေ ဘုံဆိုင်တွေ မောစရာတွေနဲ့သာ
* အချိန်ကုန်သွားကြတယ်။
* ကိုယ့်ကိုမယုံ၊ မလုံရုံ၊ အကုန်ကြောက်ရ၏။

http://www.dhammadownload.com

# လူနဲ့တရား ဘယ်အခါမှ ခွဲထားလို့မဖြစ်

* တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာ၏။

လူနဲ့ပစ္စည်း၊ ပစ္စည်းနဲ့လူဘယ်အခါမှ ခွဲလို့မဖြစ်သလိုပဲ၊ လူနဲ့တရား တရားနဲ့လူလည်း ဘယ်အချိန်မှ ခွဲထားလို့ မဖြစ်ဖူး။

လူနဲ့တရား တရားနဲ့လူကွာသွားတာနဲ့ တစ်ပြိုင်နက် လူ့သန္တာန်မှာ အပူတွေစိမ့်ဝင်လာကြတယ်၊ လူစင်စစ်က "ပူ"ဖြစ်သွားတယ်။

အညွန့်တလူလူလွင့်ထူနိုင်မှ "လူ"လို့ခေါ်တာ၊ တရားစွမ်းအားပျောက်သွားတဲ့အခါကျတော့ "လူ"ကနေ "ပူ" ဖြစ်သွားတယ်။

http://www.dhammadownload.com

# လူရေးနည်း

မောင်အေးဆိုတဲ့ ပညာသင်ကြားခါစ ကျောင်းသားလေးတစ်ယောက်ကို သူ့ဆရာက ကျောက် သင်ပုန်းထဲမှာ စာအရေးခိုင်းတယ်။

"ဟော့ မောင်အေး စာရေးစမ်း လူလို့ ပီပီ သသရေးစမ်း"

မောင်အေးက ကျောက်သင်ပုန်းထဲမှာ စာရေး တယ်၊ လကိုအလယ်တည့်တည့်က မကွင်း၊ ဘယ်ဘက်ခြမ်းအကွင်းလေးက အပေါ်နားကကပ် ပြီး သေးသေးလေးကွင်းပြီးတော့ ပစောက်ကြီးလို ဝိုက်ချပြီး နှစ်ချောင်းငင်လိုက်တယ်။

"ဆရာ ကျွန်တော်လူရေးလို့ ပြီးပြီဗျ"

"ပြစမ်း ပြစမ်း"ဟဲ့ မောင်အေး အဲဒါ လူမဟုတ်ဘူး အဲဒါ ဗူ(ဒူ)လို့ခေါ်တယ်၊ အဲဒါ

http://www.dhammadownload.com



ပ–ရေမှုတ်"

"ကျွန်တော် လူရေးတာပဲ"

"ဟဲ့ လူရေးတော့လဲ လူဖြစ်မှ လူပုံစံပေါ်တော့မှာပေါ့၊ အဲဒါ ပရေမှုတ်၊ မင်းကြည့်စမ်း၊ အကွင်းလေးက အပေါ်နားကပ်ပြီး သေးသေးလေးကွင်းပြီးတော့အောက်ကို ပစောက်ကြီးလိုဝိုက်ချလိုက်တယ်၊ အဲဒါ ပူ(ဒူ)ခေါ်တယ်၊ ပူ(ဒူ)ဆိုရင်လူနဲ့အတော်ဝေးသွားပြီကွ မောင်အေးရ၊ လူဖြစ် အောင်ပြန်ရေးစမ်းပါဦး"

မောင်အေးလည်းလူဖြစ်အောင် ပြန်ရေးတယ်ဗျ၊ အကွင်းသေးသေးလေးကို သေးသေးလေးလို့ ပြောတာသူကကြိုက်ပုံမပေါ်၊ သေးသေးလေးကိုသူက ဖြတ်ချလိုက်တယ်၊ ပစောက်ကြီးလိုဆွဲဝိုက်ပြီး နှစ်ချောင်းငင်လိုက်တယ်။

"ဆရာ ကျွန်တော်လူပြန်ပြင်ရေးလို့ပြီးပြီဗျ"

"ပြစမ်း...ပြစမ်း၊ ဟဲ့...မောင်အေး အခုမှပိုဆိုး ရော့ဟာ၊ စောစောကရေးတဲ့ပူ(ဒူ)တုန်းကလူနဲ့ နည်းနည်းနီးသေးတယ်၊ အခုအကွင်းလေးဖြတ် တော့ ပစောက်ပဲကျန်တော့တယ်၊ အဲဒါပူလို့

http://www.dhammadownload.com



ခေါ်တယ်ကွဲ့."

"ကျွန်တော် လူပြန်ပြင်ရေးတာပါဆရာ"

"လူပြန်ပြင်ရေးလဲ လူမှမဟုတ်ပဲ၊ ပစောက်နှစ်ချောင်းငင်တာပူပေါ့၊ မောင်အေး လဆိုတာ ဟောသလို အလယ်တည့်တည့်က ဒီလိုကွင်းရတယ်ကွ၊ အဲသလိုကွင်းပြီး နှစ်ချောင်းငင်တော့မှ လူဖြစ်တော့မပေါ့" လို့ အဲသလို ဆရာက မောင်အေးကို လူဖြစ် အောင်ရေးနည်းသင်ပြပေးတယ်တဲ့၊

http://www.dhammadownload.com

# လူဖြစ်အောင်ရေးနည်းကို ဘုရားက လမ်းညွှန်ပေးတယ်

ဒါမျိုးလိုပေါ့၊ မြတ်စွာဘုရားကလည်း လူရေးနည်းတွေကို သင်ပြပေးတာဗျ။

- **လူစင်စစ်က ပူ(ဒု)တွေ မဖြစ်ရအောင်**
- **လူစင်စစ်က ပူတွေမဖြစ်ရအောင်**

ပိုက်ဆံနဲ့ပူရ၊ ပစ္စည်းနဲ့ပူရ၊ ပစောက်နှစ်ချောင်းငင်ပူနေရရင် အချိန်တွေဟာ တစ်သက်တာ ကုန်သွားကြမှာကိုဗျ။

ဒါကြောင့် လူဖြစ်အောင်ရေးနည်းကို ဘုရားက လမ်းညွှန်ပေးတာ၊ လူဖြစ်ချင်ရင်တော့ တရားပါထည့်တဲ့၊ လူဖြစ်ချင်ရင်တော့ ဘယ်ဘက်က အကွင်းလေးနဲ့တူတဲ့တရားပါထည့်တဲ့။

http://www.dhammadownload.com



ပစ္စည်းတစ်မျိုးထဲဆိုရင်တော့ ညာဘက်က အကွင်းလေးပါတဲ့ ပစောက်နှစ်ချောင်းငင် ပူနေရမှာပဲ။

ဒါကြောင့် လူစင်စစ် လူစစ်စစ်ဖြစ်အောင်လို့ ပစ္စည်းတန်ဖိုးလူ့တန်ခိုးတွေတက်လာအောင်လို့ ဓမ္မလမ်းကြောင်းကြိုးခင်းပေးတာ။

*** တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာ၏။**

တရားကတော့ စုလိုက်တာ ယူလိုက်တာနဲ့ ကိုယ်ပိုင်ရော၊ စိတ်လည်းအေးရတယ်ဗျ။

လောလောဆယ်လည်း ချမ်းသာရတယ်၊ နောင်ချမ်းသာဖို့လည်း အင်အားတွေစုဆောင်းပြီးသားဖြစ်သွားတယ်၊ ကိုယ့်စိတ်ကောင်းကြောင့် လောက, သာသနာဆက်သွယ်ခွင့် ရသူတွေအားလုံးလည်းပဲ ချမ်းသာကြရ၊ ဝမ်းသာကြရ၊ ကြည်နူးကြရ၊ အင်အားတွေရကြတယ်။

*** တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာ၏။**

http://www.dhammadownload.com

## တရားက လူကို အမောပြေသွားစေတယ်

* အမောလည်းပြေ၊ စိတ်အေးစေ၊
အနေရှင်း၍ ရင့်ကျက်၏။

လူကို အမောပြေသွားစေတာ တရားဗျ၊ ယခုလိုဒါနကို အကြောင်းပြုလို့ အမောပြေကြရတယ်၊ သီလကို အကြောင်းပြုအမောပြေရတယ်၊ သမာဓိဝိပဿနာဆိုတဲ့ ဘာဝနာကို အကြောင်းပြု အမောပြေကြရတယ်။

တရားကလူကို အမောပြေသွားစေတယ်၊ လူကိုမောအောင် မလုပ်ပါဘူး။

ပစ္စည်းကျတော့ တရားအထိန်းမပါရင် မောသွားစေတယ်၊ ပစ္စည်းကိုတရားအထိန်းလေး ထည့်သွင်းပေးလိုက်တဲ့အခါမှာ အမောပြေစရာ အင်အားတွေပစ္စည်းက ဖော်ထုတ်ပေးပါတယ်။

http://www.dhammadownload.com



ဒါကြောင့် ယခု ဝမ်းမြောက်ဝမ်းသာ သဒ္ဓါ၊ ပညာ၊ မေတ္တာအားတွေနဲ့ အမောပြေစရာ တရားတွေကိုဖော်ထုတ်နေကြတာပါ။

* **အမောလည်းပြေ၊ စိတ်အေးစေ၊**
**အနေရှင်း၍ ရင့်ကျက်၏။**

နေရထိုင်ရတာလည်း တယ်ရှင်း၊ စိတ်ဓာတ်တွေလည်း တစ်စ၊ တစ်စရင့်ကျက်ပြီးတော့ လာတယ်ဗျာ။

http://www.dhammadownload.com

# မီးကရေကို
# အနိုင်ယူတဲ့ပွဲ

လောကကြီးရဲ့ မီးဖိုချောင်ထဲမှာ နေ့တိုင်း ချက်ကြပြုတ်ကြတာတွေဟာ မီးကရေကို အနိုင်ယူတဲ့ပွဲတွေဗျ၊ သဘာဝကတော့ ရေကမီးကို နိုင်ရမှာပါ၊ မီးလောင်ရင် ရေနဲ့ငြိမ်းရမှာပါ။

ရေကမီးကိုနိုင်ရမှာ ဖြစ်သော်လည်း၊ ရေက လက်ဦးမှ မီးကိုနိုင်မှာဖြစ်သလိုမျိုးမှလည်းပဲ ရေက မီးကိုနိုင်မှာပါ။

အကယ်၍ မီးကလက်ဦးသွားခဲ့သော် မီးက များသွားခဲ့သော် ရေမလိုက်နိုင်ပါဘူး။

ဒါကြောင့် မီးဖိုချောင်ထဲမှာ ချက်ကြပြုတ်ကြတာတွေက မီးကရေကို အနိုင်ယူကြတာ။

http://www.dhammadownload.com



"ဟော့ ရေခန်းအောင်ချက်နော်၊ ဆူပွက်နေအောင်ချက်နော်"ဆိုတာက မီးကရေကို အနိုင်ယူကြတာ။

http://www.dhammadownload.com

# လောင်ကျွမ်းသွားအောင် ရှို့မြိုက်ခြင်းမဟုတ်

သို့သော် မီးကရေကို အနိုင်ယူကြတာမှန်သော်လည်း ပရမ်းပတာလောင်သွားအောင် ရှို့မြိုက်ခြင်းတော့မဟုတ်ပါ၊ ထမင်းအိုးထဲဆန်တွေထည့်၊ ရေတွေထည့်၊ မီးဖိုပေါ်တင် အောက်ကမီးထိုးကြတယ်ဆိုတာ လောင်ကျွမ်းသွားအောင် ရှို့မြိုက်တာမဟုတ်ပါ၊ အစီအစဉ်လေးနဲ့ ကျက်သွားအောင် ချက်ပြုတ်ပေးခြင်းသာဖြစ်တယ်။

ဟင်းအိုးထဲ ဟင်းသီးဟင်းရွက် သားငါးစသည်ထည့်၊ ရေပါထည့်ပြီး အောက်ကမီးထိုးချက်ကြပြုတ်ကြတာတွေဟာ လောင်ကျွမ်းသွား

http://www.dhammadownload.com



အောင် ရှို့မြိုက်ခြင်းမဟုတ်ပါ၊ ကျက်လာအောင် ရင့်လာအောင် အစီအစဉ်နဲ့ ချက်ပြုတ်နေခြင်းသာ ဖြစ်တယ်။

http://www.dhammadownload.com

## စိတ်မှာရင့်ကျက်မှု ကျန်ခဲ့ရမယ်

ဒါမျိုးလိုပေါ့၊ မိမိတို့ရှာဖွေနေတဲ့ပစ္စည်းတွေ၊ မိမိတို့ တာဝန်ယူစောင့်ရှောက်နေတဲ့ ဆွေမျိုးတွေဟာ ကိုယ့်ကို လောင်ကျွမ်းစေသောအရာ မဖြစ်စေသင့်ပါ။

ပစ္စည်းရှာဖွေနေခြင်း၊ ဆွေမျိုးကို စောင့်ရှောက်ခြင်းသည်၊ ကိုယ့်စိတ်ကိုလောင်ကျွမ်းအောင်ရှို့မြိုက်ဖို့ ရှာနေခြင်းလည်းမဟုတ်ပါ။

ပစ္စည်းပေါလာရင် ပစ္စည်းကြောင့် ကိုယ့်စိတ်မှာရင့်ကျက်မှုကျန်ခဲ့ရမယ်၊ ဆွေမျိုးကိုအကြောင်းပြု၍ ကိုယ်စိတ်မှာ ရင့်ကျက်မှုကျန်ခဲ့ရမယ်, ရင့်ကျက်ပြီးသွားတာဖြစ်ရမယ်၊ လောင်ကျွမ်းပြီးကျန်မနေခဲ့ရဘူး။

http://www.dhammadownload.com



ဒါမှ လူပါးလူလိမ်မှာ, ပစ္စည်းတန်ဖိုး လူ့တန်ခိုးကို ထုတ်ယူနေသော ပုဂ္ဂိုလ်လို့ခေါ်ရမှာပေါ့။

* တရားဥစ္စာ၊ စုစရာ၊ လူမှာနှစ်မျိုးရှိ၊
* ပစ္စည်းစုမူ၊ ဘုံဆိုင်ဟူ၊ ရန်သူဝိုင်း၍ပူရ၏။
* ရှာလိုက်ရလိုက်၊ ကုန်သွားလိုက်၊ မောဟိုက်မဆုံးရှိချေ၏။
* ကိုယ့်ကိုမယုံ၊ မလုံခြုံ၊ အကုန်ကြောက်ရ၏။
* တရားစုမှု၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာ၏။
* အမောလည်းပြေ၊ စိတ်အေးစေ၊ အနေရှင်း၍ရင့်ကျက်၏။
* ကိုယ့်ကိုယုံသော်၊ စွမ်းအားပေါ်၊ ရှင်ပျော်အားတက်၏။
* ပစ္စည်းတန်ဖိုး၊ လူ့တန်ခိုး၊ ကောင်းကျိုးရနိုင်၏။

ဘိက္ခဝေ-ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ ဘောဂေသု-ရှာလိုက်ရလိုက်ကုန်သွားလိုက်နှင့် မောဟိုက်မဆုံးအပူတုံးဖြင့်၊ နိမ့်ပြန်မြင့်ပြန်စုံဆန်မျောကာ လူ့ဥစ္စာတို့၌၊ အာနိသံသာ-ပစ္စည်းတန်ဖိုး၊ လူ့တန်ခိုးဟု အကျိုးဂုဏ်အင်အာနိသင်တို့သည်၊ ဣမေပဉ္စ-ဤဆိုအပ်လတ္တံ့သော ငါးမျိုး

http://www.dhammadownload.com



ငါးစား ငါးပါးတို့သည်၊ ဟောဒီ–ပစ္စည်းတန်ဖိုး လူ့တန်ခိုးကို ကောင်းကျိုးရအောင် စွမ်းအားဆောင်ကာ ကောင်းစွာမသွေ ထင်ရှားရှိကြပါပေကုန်သတည်း။

## ပစ္စည်းကို အဖိုးတန်အောင် အသုံးချသော နည်းလမ်း(၅)မျိုးရှိ၏

လူတို့ရဲ့ ဥစ္စာက ရှာမှလည်းရတယ်၊ ရပြန်တော့လည်းအမြဲနေမယ်လို့ အာမမခံဘူး။

တစ်ခါတစ်ရံနှိပ်စက်သွား၊ တစ်ခါတစ်ရံ ခြိမ်းခြောက်သွား၊ တစ်ခါတစ်ရံ ရန်လုပ်သွား တစ်ခါတစ်ရံ မျက်ရည်ပေါက်ပေါက်ကျအောင် လုပ်သွား၊ တစ်ခါတစ်ရံ အသက်ကိုတောင်လုသွားတာရှိသေး၊ မိတ်ဆွေလိုလိုနဲ့ ရန်သူဘက် ရောက်ချင် ရောက်သွားတာ။

ပစ္စည်းတန်ဖိုး လူ့တန်ခိုးရဲ့ အကျိုးဂုဏ်အင်အာနိသင်တို့က (၅)မျိုးရှိတယ်၊ ပစ္စည်းရဲ့ အကျိုး

http://www.dhammadownload.com



လို့ပဲဆိုဆို၊ ပစ္စည်းရဲ့ကျင့်ဝတ်ငါးမျိုးလို့ပဲခေါ်ခေါ် ပစ္စည်းကို အဖိုးတန်အောင် လမ်းဖွင့်ပေးတဲ့တံခါး ငါးပေါက်လို့ ပြောပြော၊ ဘယ်လိုပြောပြောပေါ့၊ ပစ္စည်းကို အဖိုးတန်အောင် အသုံးချတဲ့နည်းလမ်း ငါးမျိုးကို ပြောခြင်းသာဖြစ်တယ်။

ပစ္စည်းနဲ့လူဘယ်လိုမှ ခွဲမရတော့ ပစ္စည်း ရှာကြရပါတယ်၊ ဒီပစ္စည်းထဲမှာ တရားလေးသွင်း ပေးလိုက်တဲ့အခါမှာ ပစ္စည်းရဲ့အကျိုးဂုဏ်အင် အာနိသင်ဆိုတာ ပေါ်လာရပါတယ်။

http://www.dhammadownload.com

# ပစ္စည်းကိုအကြောင်းပြုသော တွက်ကိန်း(၃)မျိုး

ပစ္စည်းကိုရှာဖွေကြတဲ့အခါ လက်ထဲ ပစ္စည်းတွေရောက်လာတော့ အဲဒီပစ္စည်းကို အကြောင်းပြုပြီး လောကလူသားတွေက တွက်ကိန်း (၃)နည်းနဲ့ တွက်နေကြတာ၊ (၃)နည်းဆိုတာ

(၁) နတ်တွက်တွက်နည်း၊

(၂) ငရဲတွက်တွက်နည်း

(၃) လူတွက်တွက်နည်းတဲ့။

အဲဒီ(၃)နည်းမှာ နတ်တွက်တွက်ရင်လည်း ပစ္စည်းတန်ဖိုးလူ့အခိုးထွက်မှာပဲ၊ တန်ခိုးတွေမတက်ပါဘူး၊ လူစင်စစ်က နတ်တွက်တွက်ရင် ရှုံးမှာပါပဲ၊ လူစင်စစ်က ငရဲတွက်တွက်ရင်လည်း

http://www.dhammadownload.com



ရှုံးမှာပါပဲ၊ လူစင်စစ်ဆိုတော့ လူတွက်ပဲတွက်ရမှာပါ။

ဒါကြောင့် ပစ္စည်းကိုအကြောင်းပြုပြီး တွက်ကိန်းချကြတဲ့အခါမှာ အချို့အချို့လူတွေက ပစ္စည်းအပေါ်မှာ နတ်တွက်တွက်ပြီး သုံးကြပါတယ်၊ အချို့ အချို့လူတွေက ပစ္စည်းအပေါ်မှာ ငရဲတွက်တွက်ပြီးတော့ လောင်ကြပါတယ်၊ အချို့ အချို့သော လူတွေကျတော့ ပစ္စည်းအပေါ်မှာ လူတွက်တွက်ပြီးတော့ ပစ္စည်းတန်ဖိုးလူ့တန်ခိုးတွေ ထုတ်ပြီးတော့ ပြုံးပြုံးပြုံးပြုံးနှင့် စွမ်းအားတွေရပြီး ကြည်နူးကြရပါတယ်။

http://www.dhammadownload.com

# နတ်တွက် တွက်နည်း

နတ်တွက်တွက်တယ်ဆိုတာ၊ ကံ, ဉာဏ်, ဝီရိယတွေစုံလို့၊ စီးပွားဥစ္စာတွေ ပြည့်စုံလာတဲ့ အခါမှာ ဘုရားကိုမေ့၊ တရားကိုမေ့၊ ကုသိုလ်ကိုမေ့၊ အောက်ခြေလွတ်သွားတယ်။

"ဪ... ငါဟာ ကုသိုလ်ကံအရင်းအနှီး အမြောက်အများ စိုက်ထုတ်ပြီးခါမှ အရင်းအနှီး ကောင်းလွန်းလို့ လူတစ်ယောက်ဖြစ်ခဲ့တာနော်" ဆိုတဲ့ အသိတောင် ဝင်မလာတော့ဘူး အောက်ခြေ လွတ်သွားတယ်။

ဘုရားကိုလည်း မေ့သွားတယ်၊ တရားကို လည်း မေ့သွားတယ်၊ ကောင်းမှုစွမ်းအားတွေကို လုပ်ရမယ်ဆိုတဲ့အသိတောင် ပေါ်မလာဘဲနဲ့ မေ့သွား

http://www.dhammadownload.com



တယ်၊ ဖိမ်ယစ်ပြီးတော့ စည်းစိမ်ခံစားတဲ့ဘက်ကို ပါသွားတယ်၊ အဲဒါ လောဘနောက်ပါသွားတာမို့ နတ်တွက်တွက်တယ်လို့ ခေါ်တယ်။

http://www.dhammadownload.com

# လူ့စည်းစိမ်နှင့် နတ်စည်းစိမ်

နတ်တွက်တွက်ပေမယ့် လူ့စည်းစိမ်က နတ်စည်းစိမ်ကို မှီမှမမှီဘဲဗျ၊ နတ်စည်းစိမ်နဲ့လူ စည်းစိမ်ကိုယှဉ်ကြည့်ရင် ဘယ်လောက်ကွာသလဲ ဆိုတော့ နတ်စည်းစိမ်ဆိုတာ ပင်လယ်သမုဒ္ဒရာ တမျှ အလွန်ကြီးကျယ်ပါတယ်။

ကြည့်လို့မဆုံးနိုင်လောက်အောင် တစ်မျှော် တစ်ခေါ်ကြီး ဘဝကိုမေ့သွားလောက်အောင် ကြီး ကျယ်တာ၊ စားရသောက်ရမှာကို မေ့သွားလောက် အောင် ကြီးကျယ်တာတဲ့။

လူ့စည်းစိမ်ချမ်းသာဆိုတာ နတ်စည်းစိမ် နဲ့ ယှဉ်လိုက်တဲ့အခါမှာ မြက်ပင်ပေါ်က ဆီးနှင်း ပေါက်လေးတစ်ပေါက်ကို ကြည့်ရသလို ဖြစ်သွား တယ်တဲ့။

http://www.dhammadownload.com



လူ့စည်းစိမ်ဟာ ဘယ်လောက်ကြီးကျယ်တယ်ပြောပြော၊ နတ်စည်းစိမ်နဲ့ယှဉ်လိုက်တဲ့အခါ ပင်လယ်သမုဒ္ဒရာနဲ့ မြက်ပင်ပေါ်က ဆီးနှင်းပေါက်လိုကွာခြားတာဖြစ်လို့၊ သေးလည်းသေး၊ ငယ်လည်းငယ်၊ ခြောက်လည်းခြောက်လွယ်၊ ပျောက်လွယ်ကုန်လွယ်ဖြစ်တာကြောင့် လူ့စည်းစိမ်အတွက်ကြောင့် တရားအပျောက်မခံပါနဲ့၊ လူ့ဘဝ အနှစ်ချုပ်ဟာ တရားသာ ဖြစ်ပါတယ်။

လူတွေ ဂုဏ်ယူရတာ ပစ္စည်းနဲ့ ဂုဏ်ယူရတာ မဟုတ်ပါဘူး၊ လူ့ရဲ့ဂုဏ်ရည်ဟာ တရားသာဖြစ်ပါတယ်လို့ ပြောလိုရင်းပါ။

လူ့စည်းစိမ်ချမ်းသာကြောင့် တရားအပျောက်မခံပါနဲ့၊ လူစင်စစ်က နတ်တွက်တွက်မယ်ဆိုရင် နတ်ကိုလည်း မမှီ၊ လူကိုလည်းမမှီ၊ ဟိုမမှီဒီမမှီနဲ့ ရှုံးသွားမယ်။

http://www.dhammadownload.com

# နတ်တွက်တွက်တယ်ဆိုတာ ဘ၀ကိုဖြုန်းပစ်နေတာ

နတ်တွက်တွက်တယ်ဆိုတာ တရားဘက်က လှည့်ကြည့်လိုက်တော့ ဖြုန်းတာပါတဲ့၊ ဘ၀ခန္ဓာကို အချည်းနှီးဖြစ်အောင် ဖြုန်းပစ်နေတယ်၊ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေကိုအနှစ်မကျန်အောင် အကုန်လုံး ဖြုန်းပစ်နေတယ်၊ လူ့ဘ၀ရဲ့ လုပ်ပိုင်ခွင့်အချိန်ကောင်းလေးတွေကို အချည်းနှီးဖြစ်အောင် အကုန်လုံး ဖြုန်းပစ်နေတာ။

နတ်တွက်တွက်တယ်လို့ စကားလှလှလေး သုံးလိုက်ပေမယ့်လည်း တကယ်တော့ ဘ၀ကို ဖြုန်းပစ်နေတာ၊ နောက်ဆုံးတော့ ရှုံးပြီးပူရမှာပါပဲ။

လူတွက်တွက်ပေမယ့် လူဘက်လဲမပါဘူး၊ နတ်တွက်တွက်ပေမယ့် နတ်ကိုလည်းမမှီဘူး၊ အရှုံး

http://www.dhammadownload.com



သမားသက်သက်ပဲ၊ လောကကို အရှုံးပေးသူ ဖြစ်တယ်။

http://www.dhammadownload.com

# ဧရဲတွက် တွက်ပုံ

ဧရဲတွက် တွက်တယ်ဆိုတာ ပစ္စည်းလေး လက်ထဲကို ရောက်လာတဲ့အခါမှာ သူများနဲ့ပြိုင်ချင် ဆိုင်ချင်တယ်၊ သူများအပေါ်မှာ အနိုင်ယူချင် တယ်၊ အနိုင်ကျင့်ချင်တယ်၊ ဒေါသ, ဒေါမနဿ စသည်ဖြင့်ပါလာတယ်။

သူများကို ညှဉ်းဆဲနှိပ်စက်ဖို့၊ ရန်လုပ်ဖို့ သာ စိတ်ကူးတယ်၊ အဲဒါ ဧရဲတွက်တွက်ခြင်းပဲ။

- **တစ်ခါတစ်ရံ အကြောင်းမညီလို့**
- **မရတဲ့အခါ, မပြည့်စုံတဲ့အခါ**
- **တစ်ခါတစ်ရံ အကြောင်းအားလျော်စွာ**
- **လက်ထဲက လွတ်သွားရတဲ့အခါ**
- **ပူလောင်ပြီး နေပြန်တယ်**
- **အဲဒါဧရဲတွက်တွက်တာ**

ရှိရာကနေ ပျောက်သွားတော့လည်း

http://www.dhammadownload.com



ငရဲတွက်တွက်ပြီး လောင်ရပြန်တယ်၊ ငရဲတွက်တွက်တော့ လောလောဆယ်လည်း ပူရလောင်ရတယ်။

ပစ္စုပ္ပန်မှာတောင် ဒီလောက်ပူလောင်ရရင် နောင်ရေးအတွက်လည်း ပူလောင်စရာချည်း ပေါ်လာလိမ့်မယ်၊ ပစ္စည်းကြောင့် သူ့မှာပူလောင်နေရတာမို့ အဲဒီလူဟာ ငရဲတွက်တွက်တဲ့လူတဲ့ဗျ။

ငရဲတွက် တွက်တော့လည်း ရှုံးတာပဲ၊ သူလည်း စွမ်းအားကိုဖြုန်းပစ်နေတဲ့သူတစ်ယောက်၊ လောကကို အရှုံးပေးသူတစ်ယောက်ပါ။

လူစင်စစ်ကနေပြီးတော့ (ငရဲကိုမှီတဲ့ဆင်းရဲဘာမှမရှိပါဘဲနဲ့) ဘာမှမဟုတ်တာလေးကို ချဲ့ပြီးတော့ လောင်မိလောင်ရာ လောင်နေတာဟာ ငရဲတွက် တွက်နေတာ။

လူစင်စစ်က နတ်တွက်တွက်တော့လည်း လောကကို အရှုံးပေးသူပဲ၊ ကိုယ့်ပုံစံကိုယ်ပေါ်အောင်မှ မနေတတ်၊ လူစင်စစ်က ငရဲတွက် တွက်ပြန်တော့လည်း လောကကို အရှုံးပေးတဲ့သူပဲ၊ ကိုယ့်ပုံစံကိုယ်ပေါ်အောင် ပုံမဖော်တတ်။

http://www.dhammadownload.com

# လူတွက်တွက်နည်း

လူတွက်တွက်တဲ့လူဆိုတာက နေ့စဉ်နေ့စဉ် မနက်အိပ်ရာ ထတာနဲ့တစ်ပြိုင်နက် ဘုရားရှေ့ကို သွားပြီး စိတ်ကလေးကို သဒ္ဓါတရားနဲ့ သန့်စင်ပေးတယ်။

ပုထုဇဉ်စိတ်က သာမာန်အားဖြင့် သန့်မှမသန့်ဘဲနဲ့၊ အဝိဇ္ဇာတဏှာ သံသရာကြိုးနှစ်ချောင်း အမှောင်လမ်းကြောင်းက လာခဲ့ရတာလည်း တစ်ကြောင်း၊ ဘဝတစ်ခု ကူးပြောင်းတိုင်း, ကူးပြောင်းတိုင်း ဆင်းရဲဒုက္ခကြီးစွာတွေကို ပင်ပန်းကြီးစွာ နပမ်းလုံးပြီး လာခဲ့ကြရပြီး၊ နောက်ဆုံးတော့ ကိုယ်ကချည်း အရှုံးပေးခဲ့ရတာဖြစ်လို့ အခဲမကြေ စိတ်တွေနဲ့အံကြိတ်ပြီးလာခဲ့ကြရတာလဲတစ်ကြောင်း ကြောင့် မသန့်ရှင်းနိုင်တော့ဘူး။

http://www.dhammadownload.com



ဒါကြောင့် ပုထုဇဉ်စိတ်ဆိုတာ အထုံကကို အပူအထုံတွေများနေတော့ အပူငွေ့တွေ၊ အဝိဇ္ဇာတဏှာသံသရာကြိုးနှစ်ချောင်း အမှောင်လမ်းကြောင်းတွေဟာ တရားမပါရင် အမြဲမောနေရမယ်၊

ဒါကြောင့် ပုထုဇဉ်မှန်ရင် စိတ်ညစ်ရမယ်၊ စိတ်ပျက်ရမယ်၊ စိတ်ရှုပ်ရမယ်၊ စိတ်ဆင်းရဲရမယ်၊ အဲဒါပုထုဇဉ်အလုပ်ပါ၊ ပုထုဇဉ်စိတ်ကကို ဒီပုံစံနဲ့လာခဲ့တာပါ၊ ဒါဟာ ပုထုဇဉ်ရဲ့ ပုံမှန်လုပ်နေတဲ့ အလုပ်။

"ငါတစ်ယောက်ထဲပူလို့ အားမရဘူးဟော့၊ မင်းကို ငါပူလောင်အောင်ဆက်ပြီး ငါဒုက္ခပေးရဦးမလား"ဆိုရင် ဒါဟာ ပုထုဇဉ်လုပ်နေကျအလုပ်ပါ။

"ကျွန်တော် စိတ်ညစ်တယ်ဗျ"

ဟဲ့ အဲဒါပုထုဇဉ် အလုပ်နော်၊ ဒီအတိုင်း မနေနဲ့နော်၊ လူပုံစံပျောက်သွားမယ်"

စိတ်ညစ်ရင် စိတ်ညစ်တာကို သန့်စင်တဲ့ ဗုဒ္ဓရတနာ၊ ဗုဒ္ဓသာသနာစက်ကြီး ရှိတယ်နော်၊ ရှင်းပေးသန့်ပေးပေါ့ဗျာ။

http://www.dhammadownload.com

# ထိန်းချုပ်နိုင်ရင် သူတော်ကောင်း

ပုထုဇဉ်ရဲ့ ပုံမှန်ဖြစ်နေကျ ရှုပ်တဲ့စိတ်ကလေးကိုသန့်စင်ပေးရမယ်၊ ညစ်တဲ့စိတ်ကလေးကို သန့်စင်ပေးရမှာ၊ သဒ္ဒါတရားက စိတ်ရှင်းတဲ့ ကိရိယာ။

အိမ်ဦးခန်း, ကျောင်းဦးခန်း, ဓမ္မာရုံထဲမှာရှိတဲ့ဘုရားက စိတ်သန့်စင်တဲ့စက်တစ်လုံး၊ စိတ်ကောင်းထုတ်လုပ်တဲ့စက်တစ်လုံး။

အဲဒီစိတ်သန့်တဲ့သဒ္ဒါတရားလေးနဲ့ စိတ်ကို စင်ကြယ်သွားအောင် သန့်စင်ပေးနိုင်တယ်၊ ပုထုဇဉ်ဆိုတာကိလေသာ မဖြစ်ဖူးတော့ဘယ်ဟုတ်မလဲ၊ ဖြစ်တော့ဖြစ်မှာပေါ့။

သို့သော် ကန့်ပေးနိုင်ရင် သန့်ပေးနိုင်ရင် ထိန်းနိုင်ရင် သူတော်ကောင်းခေါ်ပါတယ်၊ စိတ်ထဲ

http://www.dhammadownload.com



မှာ ဖြစ်တဲ့လောဘ, မောဟကို ကိုယ် နှုတ်အဆင့် သို့ မရောက်အောင် ထိန်းချုပ်နိုင်ရင် သူတော်ကောင်းပါ။

စိတ်ထဲမှာ ၁၀ ချက်လောက် ဖြစ်တာကို ၅ ချက်လောက် တင်ထိန်းနိုင်ရင်လည်း သူတော်ကောင်းပါပဲဗျ၊ ၄–၅ ချက်ဖြစ်ရမှာကို ၁ ချက် ၂ ချက် ဖြစ်အောင် ထိန်းနိုင်ရင် သူတော်ကောင်းပါ။

လုံးဝမဖြစ်ဖူးတော့ မဟုတ်ဖူးပေါ့၊ ပုထုဇဉ်ပဲ၊ ဖြစ်မှာပေါ့၊ သို့သော် ထိန်းနိုင်ရင် အတော်ဟုတ်သွားပြီ၊ စိတ်ကလေးဟာ အားတက်သရော ဘာမဆို အသင့်အနေအထားမှာ သူ(စိတ်)က နိုးကြားစွာနဲ့ အဲသလို ဖြစ်လာတယ်၊ ပြီးတော့ သမ္မာဒိဋ္ဌိအသိပညာ မျက်စိနဲ့ အကွက်စေ့အောင် ကြည့်ပြီးတော့ စွမ်းအားကို ရအောင်ယူနိုင်တယ်၊ အဲသလို စိတ်သန့်စိတ်လုံကလေးကို သုံးနိုင်ရင် လူတွက်တွက်ရမှာတော့ သေချာပြီဗျ။

http://www.dhammadownload.com

# လူတွက်တွက်ချင်ရင် လူ့စွမ်းအား ဖော်ထုတ်ဖို့လိုတယ်

ဒီနေ့ ဘုရားရှိခိုးဖို့ အချိန်မပေးနိုင်ဘူး၊ ဘုရားအာရုံပြုဖို့ အချိန်မရဘူး၊ တရားအတွက်လဲ အချိန်မပေးနိုင်ဘူး၊ ဘယ်ကိုသွားစရာက အရေးကြီးလို့ပါ၊ ဘယ်အလုပ်တွေက ရှုပ်လို့ပါဆိုရင် အဲဒီနေ့အတွက်တော့ အဲဒီလူဟာ နတ်တွက်နဲ့ ငရဲတွက် နှစ်တွက်သာတွက်ဖို့ ကျန်တော့တယ်၊ လောကကို အရှုံးပေးတဲ့သူနှစ်ယောက်ထဲပါသွားဖို့ သေချာပေါက်ပါဗျာ။

ဒီနေ့အဖို့ရာမှာ စိတ်သန့်စင်ပေးဖို့ အချိန်မပေးနိုင်ဘူးဆိုရင် စိတ်အလုပ်တွေကို ၅ မိနစ် ၁၀ မိနစ် ၁၅ မိနစ်စသည်ဖြင့် လေ့ကျင့်မပေးနိုင်ဘူးဆိုရင် တရားလမ်းကြောင်းပေါ်မှာ စိတ်ကလေးကို

http://www.dhammadownload.com



လမ်းခင်းပြီး လမ်းကြောင်းပေါ် တင်မပေးနိုင်ဘူး ဆိုရင် ဒီနေ့အဖို့တော့ နတ်တွက်နဲ့ ငရဲတွက် နှစ်တွက်နဲ့ပဲ အချိန်ကုန်သွားလိမ့်မယ်၊ လူ့လောက ကြီးကို အရှုံးပေးလိုက်ရတဲ့သူနှစ်ယောက်ထဲမှာ သူပါသွားမှာ သေချာတယ်။

ဒါကြောင့် လူတွက်တွက်ချင်ရင် လူ့စွမ်း အား ဖော်ထုတ်ဖို့လိုတယ်၊ စိတ်သန့်စိတ်လုံကို သုံးခြင်းသည် လူတွက်တွက်ဖို့ဖြစ်တယ်။

http://www.dhammadownload.com

# ပစ္စည်းတွေက ကြိုဆိုနေကြပြီ

အဲဒီစိတ်သန့်စိတ်လုံကို သုံးနိုင်ကြပြီဆိုရင် ကိုယ့်အိမ်ထဲက ဥစ္စာတွေ ကိုယ့်ကိုကြိုဆိုနေကြပြီ ကိုယ်ရှာတဲ့ပိုက်ဆံတွေ ချက်မယ်ပြုတ်မယ်ဆိုပြီး ဈေးသွားဝယ်တော့ ဈေးခြင်းထဲကပစ္စည်းတွေ အားလုံးကိုယ့်ကို ကြိုဆိုနေကြပြီဗျ။

"ကျွန်တော်တို့ကဒါနတွေပါခင်ဗျ" တဲ့ ပစ္စည်းလေးတွေက ချစ်စရာဖြစ်လာတယ်။

"မိသားစုကျွေးတာ အလှူဖြစ်အောင် ကျွေး ပါမယ်ခင်ဗျ၊ ဘယ်သူ့ပေးပေး ဒါနဖြစ်ဆေ ရပါမယ် ခင်ဗျ၊ ဘုရားဆက်ကပ်လှူဒါန်းပြီး ကျွန်တော်တို့ ဒါနဖြစ်အောင် ဆောင်ရွက်ပေးပါ မယ်ခင်ဗျ။

"ကျွန်တော်တို့က သီလတွေပါခင်ဗျ"

http://www.dhammadownload.com



"ကျွန်တော်တို့က သမာဓိ၊ ဝိပဿနာတွေ ပါခင်ဗျ၊ ဘယ်လိုမှ သုံးမဖြစ်လို့ အမှိုက်ပုံးထဲ ပစ်ရတော့လည်း ကျွန်တော်တို့ကဝိပဿနာဖြစ် အောင် အညွန့်တလူလူနဲ့ အောင်လံလွှင့်ထူပေးမှာပါ ခင်ဗျ၊ အမှိုက်ပုံးထဲရောက်တာတောင် ကျွန်တော် တို့က အောင်လံ မလှဲပါဘူးခင်ဗျ၊ ဒီကြားထဲမှာ သူခိုးက ဖျတ်ကနဲဝင်သွားလို့ သူခိုးလက်ထဲရောက် တာတောင် ကျွန်တော်တို့က ဝိပဿနာပါ၊ အလံကို မလှဲပါဘူး၊ ဓမ္မအောင်လံကြီးကို အညွန့်တလူလူ လွှင့်ထူဖို့ အောင်လံကို အမြဲလွှင့်ထူပါမယ်ခင်ဗျ"နဲ့ ပစ္စည်းတွေကကြိုဆိုလိုက်ကြတာဗျ၊ မိတ်ဆွေတွေ လေ။

စိတ်သန့်စိတ်လုံကလေးကို သုံးနိုင်တဲ့ပုဂ္ဂိုလ် အတွက်ဆိုရင် ပစ္စည်းတွေက မိတ်ဆွေပမာ အကုန်လုံးကြိုဆိုလို့နေကြပြီ။

တစ်အိမ်လုံးမှာရှိတဲ့ မိသားစုတွေကလည်း ထိုအတူတရားပုံစံနဲ့ ကြိုဆိုနေကြသလိုပဲ အိမ်ထဲက ဥစ္စာတွေဟာ မိတ်ဆွေပုံစံရောက်သွားတယ်။

ဒါကြောင့် စိတ်သန့်စိတ်လုံကလေးနဲ့ တစ်နေ့တာ အလုပ်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုရင် ပစ္စည်း

http://www.dhammadownload.com



အားလုံးဟာ ပစ္စည်းတန်ဖိုး လူ့တန်ခိုးတွေတက်ပြီး တော့မှ လူတွက်တွက်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုရင် လူတွက် တွက်နိုင်ပြီးတော့မှ (ပစ္စည်းတန်ဖိုး လူ့တန်ခိုးတွေ တက်ပြီးတော့) ပျော်ရ၊ အားရှိရ၊ ကြည်နူးရမှာ သေချာပေါက်ပေါ့၊ ကုန်သွားတဲ့အထဲက မကုန်နိုင် တဲ့စွမ်းအားတွေ ကျန်ခဲ့တော့မှာ။

## လူတွက်တွက်နိုင်ဖို့ အကျိုး (၅)မျိုး

(၁) မိမိခန္ဓာ၊ ကောင်းစွာအမှန်၊ သုံးဖို့ရန်၊ ကေန်ဥစ္စာသုံးစွဲရ

### (၁) ခန္ဓာကြီးကို သုံးချင်လို့

ဦးဘယ်သူတို့ ဒေါ်ဘယ်သူတို့ ဘာဖြစ်လို့ ပစ္စည်းဥစ္စာ ရှာကြတုန်း၊ နံပတ်တစ် အဖြေက ဟောဒီ ခန္ဓာကိုယ်ကြီးကို သုံးချင်လို့ ပစ္စည်းဥစ္စာ ရှာတာတဲ့၊ မှန်တဲ့အဖြေလေးက ဒါပဲ။

http://www.dhammadownload.com



အမှန်တော့ အများပြောကြတာက စားဝတ်နေရေးလို့ ပြောတာပါ၊ ဒါပေမယ့် သူပြောတာက စားဝတ်နေရေးလို့ ပြောနေကျစကားလုံးနဲ့ မပြောဘူး၊ ခန္ဓာကိုသုံးချင်လို့ ပစ္စည်းရှာတာ။

"ဘာလို့သုံးချင်ရတာလဲ"

"သုံးလို့ဖြစ်တာကို သုံးလို့ဖြစ်တုန်း သုံးရမှာပေါ့၊ အသက်ရှည်ဖို့, ကျန်းမာဖို့, ခွန်အားတိုးဖို့ ဉာဏ်ပညာပွားဖို့, ဤခန္ဓာကို လိုသလို အသုံးချနိုင်ဖို့ အဖိတ်အစဉ်အလေအလွင့် အယိမ်းအယိုင်မရှိ ပိုင်နိုင်စွာ ထိန်းပြီးတော့ အဖိုးတန်အောင် သုံးနိုင်ဖို့ ပစ္စည်းရှာတာ"

ဒါကြောင့် ဒီခန္ဓာကိုယ်ကြီးကို သုံးနိုင်ဖို့ ပစ္စည်းရှာတာဆိုရင် မှန်ကန်တဲ့ အဖြေပဲ၊ ပစ္စည်းတန်ဖိုးလူ့တန်ခိုးတက်ပြီးတော့ တရားရဲ့ ဝင်ပေါက်တစ်ပေါက်ပဲ။

မိမိခန္ဓာကိုယ်ကြီးကို ထမင်းကျွေးတာ တရားဝင်ပေါက်ဖြစ်သွားပါပြီ၊ မိမိခန္ဓာကိုယ်ကြီးအတွက် ဝတ်ဖို့, နေဖို့, စားဖို့, သုံးဖို့ စသည်ဖြင့် ပစ္စည်းပေးတိုင်း, ပေးတိုင်း တရားဝင်ပေါက်ကြီး တစ်ပေါက်ဖြစ်နေပါပြီ။

http://www.dhammadownload.com



အဝိဇ္ဇာတဏှာလက် မဦးတော့ဘူးလေ၊ စိတ်သန့်စိတ်လုံကလေးက လက်ဦးသွားတော့ ဒီခန္ဓာကျွေးတာဟာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သွားတယ်။

## အလှကြည့်ဖို့မဟုတ်

လောကမှာ မော်တော်ကားထဲစက်ဆီတို့ ဓာတ်ဆီတို့ ထည့်တာကြည့်ပေါ့၊ အလှကြည့်ဖို့ စက်ဆီ ဓာတ်ဆီ ထည့်တာမှ မဟုတ်ဘဲ၊ လိုရာအရပ်မောင်းနှင်ဖို့ထည့်တာ။

ဒါမျိုးလိုပေါ့ ဒီခန္ဓာထဲစားစရာတွေ ဆေးဝါးစသည်ထည့်ကြတာ အလှကြည့်ဖို့ထည့်တာ မဟုတ်ဖူးလေ၊ အလှကြည့်လို့ရမှ မရဘဲ၊ ရောကလည်း တအိအိဖြိုချ၊ ဗျာဓိကလည်း တဒေါင်းဒေါင်းရိုက်တောင်း၊ မရဏကအတင်းဆွဲ၊ ဖြစ်ပျက် နှစ်တန်သင်္ခါရဒဏ်တွေက အမြဲတမ်း နှိပ်စက်ဆိုတော့ အလှကြည့်လို့ မရဘူး။

http://www.dhammadownload.com



ဒီတော့ ဘဝရပ်တည်ရေးကို မကြိုးစားတော့ဘူး၊ ဘဝအသုံးချရေးကိုသာ အမြဲတမ်းဦးတည်ပြီး ကြိုးစားလာတယ်၊ အနှစ်ထုတ်ဖို့ကိုပဲ (မိမိက) ကြိုးစားလာတယ်၊ ဒါဟာ လူတွက်တွက်တာ၊ လူတွက်တွက်လို့ရှိရင် ပစ္စည်းတန်ဖိုး လူ့တန်ခိုးဆိုတာ ပေါ်လာတယ်ဗျာ။

http://www.dhammadownload.com

# ရှိတာကြည့်နိုင်ရင် တရားဘဲ

ဒါကြောင့် မိမိခန္ဓာကိုယ်ကြီးကို ကျွေးတယ်ဆိုရင် ဒါနပုံစံပေါ်အောင် ကျွေးမယ်၊ သီလပုံစံပေါ်အောင်ကျွေးမယ်၊ သမာဓိပုံစံပေါ်အောင် သတိဝီရိယနဲ့ကျွေးမယ်၊ဝိပဿနာပုံစံပေါ်အောင်ကျွေးမယ်။

ကြည့်တတ်ရင် ဝိပဿနာလည်း တန်းစီလို့ပါ၊ ကုန် ကုန်သွားတာ အနိစ္စသဘောပေါ့၊

မနက်စာဝအောင်ကျွေးလိုက်တယ်ဗျာ၊ ညနေကျတော့ဆာပြန်ရော၊ စိတ်သန့်စိတ်လုံကလေးရှိတဲ့ ပုဂ္ဂိုလ်အဖို့ ဒါဟာတရားပဲ၊ ရှိတာ ကြည့်နိုင်ရင် တရားပဲ။

"မနက်က ကျွေးတာ ညနေမရှိပြန်ဘူးဆိုတော့ ဘာမှဆုပ်ကိုင်ထားလို့မရ၊ ကုန်ခန်းသွားတတ်တဲ့သဘောကြောင့် အနိစ္စဆိုတာမှန်လိုက်တာ" အဲသလို ဝိပဿနာအသိလေးလည်းပေါ်လာတယ်။

အနိစ္စနောက်က ဆာလောင်တဲ့ ဒုက္ခသဘောက ကပ်ပြီးပါလာတယ်၊ ဒုက္ခနောက်က

http://www.dhammadownload.com



အနတ္တကလည်း အလိုမလိုက်၊ သူ့သဘောအတိုင်း သူဆောင်နေတယ်၊ ဘယ်လိုမှ အမိန့်ပေးလို့မရ၊

အဲဒီအနတ္တသဘောကလည်း နောက်က လိုက်လာပြန်တော့ ကိုယ့်ခန္ဓာနှစ်ထပ် ကျွေးရတာ နိဗ္ဗာန်ရောက်ကြောင်းကိုဖြစ်လို့။

ဒါဟာ လူတွက်တွက်တာလေ၊ ခံစားဖို့ သက်သက်တွက်ရင် နတ်တွက်ဖြစ်သွားမယ်၊ နတ်တွက်တွက်ရင်ရှုံးမယ်။

အဆင်မပြေတာနဲ့ ဒေါသ, ဒေါမနဿတွေ ဝင်ရင်အဲဒါ ငရဲတွက်တွက်တာ၊ ငရဲတွက်တွက်ရင် လောင်မယ်ဗျ။

လူတွက်တွက်တဲ့ပုဂ္ဂိုလ်ကတော့ ထမင်း နှစ်ထပ်ကျွေးတာ အားရှိစရာဖြစ်သွားပြီလေ၊ တရားဝင်ပေါက် တစ်ပေါက်ပါလား၊ ဒီခန္ဓာကို ဆေးဝါး ဓာတ်စာကျွေးတာ၊ ဝတ်စရာပေးတာ အားလုံးဟာ တရားဝင်ပေါက်တွေဘဲ၊ ဒါကြောင့်

* မိမိခန္ဓာ၊ ကောင်းစွာအမှန်၊ သုံးဖို့ရန်၊ ကေန်ဥစ္စာသုံးစွဲရ။

http://www.dhammadownload.com

# ဝိပဿနာအောင်လံလွှင့်ထူနိုင်တယ်

မိမိခန္ဓာကိုယ်ကြီးကို ကောင်းမွန်မှန်ကန်စွာ အသုံးချနိုင်ဖို့ ပစ္စည်းဥစ္စာသုံးစွဲရင် အသုံးချရရင် အကျိုးရှိတယ်၊ ပစ္စည်းကို ဘာလို့သုံးတုန်း၊ ဒီခန္ဓာ အသုံးချချင်လို့ပါ၊ ဒါကပစ္စည်းရဲ့ပထမအကျိုး၊

ခုနပြောသလိုပေါ့၊ ဘယ်လိုမှသုံးမဖြစ်လို့ အမှိုက်ပုံးထဲပစ်ရပြန်တော့ ဝိပဿနာအောင်လံ အညွန့်တလူလူလွှင့်ထူနိုင်တယ်၊ အမှိုက်ပုံးထဲအမှိုက် ပစ်တာလဲ နိဗ္ဗာန်ရောက်ကြောင်းပဲ။

ပစ္စည်းသူခိုးခိုးခံရလို့ ပျောက်တာတောင်မှ နောက်က ဝိပဿနာဉာဏ်မီအောင် လိုက်နိုင်ရင် ပစ္စည်းပျောက်တာ နိဗ္ဗာန်ရောက်ကြောင်းပဲ။

ဟုတ်တယ်၊ ကြည့်တတ်ရင် အနိစ္စ ဒုက္ခ အနတ္တ လက်တွေ့ပြနေတာ၊ ဉာဏ်မမှီရင်သာ

http://www.dhammadownload.com



ငရဲတွက်တွက်ရမှာ၊ ပစ္စည်းဘယ်လောက် ပျောက်သွားတယ်၊ လောင်ပြီဗျ။

တရားက ပုံမှန်နေ့စဉ် လေ့ကျင့်ပေးတာ မဟုတ်တော့ စိတ်သန့်စိတ်လုံကလေးတွေ ပျောက်သွားရင် ငရဲတွက်တွက်ရတော့မှာလေ၊ ပစ္စည်းရလာတော့ နတ်တွက်တွက်၊ ပျောက်သွားတော့ ငရဲတွက်တွက်၊ လူတွက်ပျောက်နေတဲ့အခါ စွမ်းအားမရတော့ဘူးပေါ့။

http://www.dhammadownload.com

# ခွဲတမ်းချပြီး ပစ္စည်းရှာရမယ်

## (၂) ကျေးဇူးရှင်တွေ၊ ပေးရပေ၊ မသေ့မေတ္တာရ။

### ကျေးဇူးရှင်တွေကို ပြန်လည်ပေးဆပ်နိုင်ဖို့

ကျေးဇူးရှင်တွေ ပေးရတာ အကျိုးရှိတယ်၊ ပေးတော့လည်း စိတ်သန့်စိတ်လုံကလေးနဲ့ ပေးရမှာပါ။

ပေးတယ်ဆိုတာ စေတနာသုံးတန် ထက်သန်ပြဋ္ဌာန်းပြီးတော့ သဒ္ဓါ၊ ပညာ၊ မေတ္တာ အင်အားတွေနဲ့ပေးကမ်းရမှာကို ပြောတာ၊ ဟန်နဲ့ ပေးမှာကိုပြောတာ မဟုတ်ပါ။

ပစ္စည်းဥစ္စာရှာတဲ့အခါ ခွဲတမ်းလေးချပြီး တော့မှ အဲဒီခွဲတမ်းလေးနဲ့ တရားဝင်ပေါက်တစ်ပေါက်လို့သတ်မှတ်ပေး၊ မိဘဆရာသမား ဘိုးဘွား

http://www.dhammadownload.com



စတဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးဘယ်လောက်ကြီးသလဲ၊ ကိုယ့်ဟာကိုယ် ပြန်တွေးကြည့်ပေါ့ဗျာ။

အမေတို့အဖေတို့မှာ သားလေးတစ်ယောက်လူလားမြောက်ပါမယ့်အကြောင်း သမီးလေးတစ်ယောက်လူလားမြောက်ပါမယ့်အကြောင်း ကိုယ်ကျိုးတွေစွန့် အနစ်နာခံပြီး စိတ်ရှည်လက်ရှည် စောင့်ရှောက်ခဲ့ကြရတာပါဗျာ၊ ကျေးဇူးတွေသိပ်ကြီးကြပါတယ်။

ကလေးဆိုတာ ကလေးလိုပဲသိတော့ ဒီကလေးအသိလေးကို လူကြီးအသိဖြစ်အောင် မှန်ကန်တဲ့ အသိလမ်းကြောင်းပေါ်ရောက်အောင်စိတ်ရှည်လက်ရှည် စောင့်ရှောက်ခဲ့ကြတယ်၊ အဲဒီစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေကိုသိပြီး၊ ပြန်ကျေးဇူးဆပ်ရမယ်။

ကျေးဇူးဆပ်တော့ဒါနလမ်းပေါက်က ကျေးဇူးဆပ်ပါ၊ အကုန်စာရင်းပြ မဖောပါစေနဲ့၊ အကုန်စာရင်းပြ ဖောသွားရင် ငရဲတွက်တွက်တဲ့ထဲ ပါသွားလိမ့်မယ်။

တစ်ခါ ကျင့်ဝတ်ကို လိုက်နာသောအားဖြင့် သီလပုံစံနဲ့ ကျွေးပါ၊ မေတ္တာလေးနဲ့ သမာဓိပုံစံနဲ့

http://www.dhammadownload.com



ကျွေးပါ၊ ကုန်ခန်းသွားတဲ့ အနိစ္စသဘောလေးကို ကြည့်ပြီး ဝိပဿနာပုံစံနဲ့ ကျွေးစမ်းကြည့်ပါ။

ဒါဟာတရားဝင်ပေါက် တစ်ပေါက်ဘဲ၊ ကုန်သွားတာမဟုတ်ဘူး၊ ကုန်သွားတဲ့နောက်က အားတက်စရာတွေ မကုန်နိုင်တာတွေ တန်းစီပေါ်လာတယ်၊ ပျော်စရာကြီး ဖြစ်သွားတယ်။

ကိုယ့်စိတ်ကောင်းကြောင့် ကျေးဖူးရှင်တွေ ချမ်းသာသွားပုံကို ကြည့်ပြီးကြည်နူးဝမ်းသာမှုတွေ ပေါ်လာတယ်၊ တစ်ခါ ဟိုဘက်ကိုကြည့်လိုက်ပါဦး၊ ကျေးဖူးရှင်တွေက ကိုယ့်ကို မေတ္တာနဲ့ တုံ့ပြန်ပုံတွေကို။

"ငါ့သားက သိပ်သိတတ်တာဟဲ့၊ ငါ့သမီးက သိပ်လိမ်မာတာ၊ ငါ့မြေးလေးက သိပ်သိတတ်တာ၊ ငါ့တပည့်က အင်မတန် လိမ်မာတာပဲ"

စသည်ဖြင့် မေတ္တာတွေဝိုင်းလို့ နည်းတာမှ မဟုတ်ဘဲ ဒီမေတ္တာတွေ ကိုယ့်အပေါ်မှာ လွှမ်းခြုံထားတော့ ဘေးရန်မျိုးစုံ တကယ်လုံတာဗျ၊ အင်မတန် ငြိမ်းချမ်းပျော်ရွှင်ရတယ်။

ပစ္စည်းဟာသုံးတတ်ရင် တကယ့် တရားဝင်ပေါက်ဆိုတဲ့အတိုင်း သုံးတတ်တော့လည်း အင်အား

http://www.dhammadownload.com



တွေချည်းပါ၊ ဒါဟာပစ္စည်းတန်ဖိုး လူ့တန်ခိုးကို ထုတ်နေတာဘဲ။

* ကျေးရွာရှင်တွေ၊ ပေးရပေ၊ မသေ့ မေ့တ္တာရ။

http://www.dhammadownload.com

# မိသားစုကို သဒ္ဒါ မေတ္တာ နဲ့ ပေးကမ်းစမ်းကြည့်ပါ

**(၃) မိသားစုအား၊ ပေးရခြင်း၊ စွမ်းအားမေတ္တာရ၊ ပစ္စည်းကြောင့်ဝမ်းသာစရာ**

သားသမီး တပည့်တပမ်းစတဲ့ မိသားစုတွေကို ပေးရခြင်းအကျိုးရှိတယ် "ဒါမျိုးဗျာ၊ အဆန်းလုပ်လို့ အိမ်တိုင်းအိမ်တိုင်း နေ့တိုင်းနေ့တိုင်း ပေးနေတာပဲ"လို ပြောချင်ပြောမှာပေါ့။

အိမ်တိုင်းအိမ်တိုင်း ပေးပေမယ့်လည်း ခုန ပြောသလိုလေ၊ နတ်တွက်တွက်ပြီး ပေးတဲ့သူလဲ ရှိချင်ရှိမယ်၊ ငရဲတွက်တွက်ပြီး မတတ်သာလွန်းလို့ ပူလောင်တဲ့စိတ်တွေနဲ့ပေးတဲ့လူလဲရှိချင် ရှိမှာပဲ၊ လူတွက်တွက်ပြီး ပေးတဲ့သူဖြစ်မှပဲ တရားဝင်ပေါက်လို့ သတ်မှတ်လို့ဖြစ်မှာပေါ့။

http://www.dhammadownload.com



တရားဝင်ပေါက်လို့ ပြောတာ ပစ္စည်းရဲ့ အကျိုးပစ္စည်းကြောင့် ဝမ်းသာစရာ ပေါ်လာတာကို ပြောနေတာ၊ ပစ္စည်းကြောင့် ပူလောင်သွားတဲ့ပုံစံကို ပြောတာမဟုတ်ဘူး။

ဒါကြောင့် မိသားစုတွေပေးတဲ့အခါ စိတ်သန့်ကလေးတွေ စိတ်လုံကလေးတွေကို သုံးပြီးတော့မှ သဒ္ဓါ, ပညာ, မေတ္တာအားတွေနဲ့ ပေးကမ်းစမ်းကြည့်ပါ၊ ဒါနတွေ တန်းစီပြီး ပေါ်ပေါက်လို့လာမယ်၊ ပစ္စည်း လက်ထဲက လွှတ်လိုက်တာနဲ့ တရားဝင်ပေါက်ဘဲ၊ တရားအင်အားတွေ ပေါ်လာတယ်။

ကျင့်ဝတ်ကို လိုက်နာသောအားဖြင့် သီလပုံစံပေါ်အောင် ကျွေးတတ်လာတယ်၊ မေတ္တာလေးတွေနဲ့ သမာဓိပုံစံပေါ်လာအောင်လည်း ကျွေးတတ်လာတယ်၊ ကုန်ခန်းသွားတဲ့သဘော ကြည့်ပြီး ဝိပဿနာအသိလေးတွေပါထည့်ပြီး ကျွေးတတ်လာတယ်၊ မိသားစုကျွေးရတာ ပျော်စရာကြီးဗျ။

ဖိတ်စာလည်း မကမ်းရဘဲနဲ့ ဘဝရေစက်ဆုံလို့ ရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်တွေကို ကြည်ကြည်လင်လင် ဝမ်းသာအားရ ကျွေးလိုက်တဲ့အခါ

http://www.dhammadownload.com



မှာ နေ့တိုင်းအိမ်ထဲမှာ ဒါန စသည်တို့တန်းစီ လို့ပေါ့။

ဩော် ပစ္စည်းကြောင့် ပျော်ရမယ်ဆိုပဲ၊ ဒို့များအိမ်ကလူတွေ ကျွေးရတာ ဘယ်နှစ်ခါ ပျော်ဖူးလဲလို့ စဉ်းစားပေါ့ဗျာ၊

နတ်တွက်တွက်ပြီး စည်းစိမ်ခံစားတဲ့ အနေနဲ့ ပျော်တဲ့နေ့တွေ ဘယ်လောက်ပါခဲ့သလဲ? ငရဲတွက်တွက်ပြီး မလွှဲသာမရှောင်သာ ကျွေးရလို့ ပူလောင်တဲ့နေ့တွေကော ဘယ်လောက်ပါခဲ့သလဲ? သမာဓိပုံစံနဲ့ အားတက်စရာ ကြည်နူးစရာပုံစံနဲ့ သဒ္ဓါရှိရှိ စွမ်းအားပြည့်ပြည့်နဲ့ ကျွေးခဲ့တာကော ဘယ်လောက်ပါခဲ့သလဲ?

တွက်ကိန်း(၃)ခုနဲ့ ကိုယ့်ဘာသာကိုယ် ဝေဖန်ကြည့်၊ ပစ္စည်းကြောင့် ဝမ်းသာရမှ ပစ္စည်း အကျိုးရှိတယ်၊ ပစ္စည်းတန်ဖိုး လူ့တန်ခိုးတက်တယ်။

ဒါကြောင့် ဒါန သီလ သမာဓိပုံစံနဲ့ ကုန်သွားတဲ့နောက်က မကုန်နိုင်တဲ့အင်အားတွေပေါ်လာမှ ပစ္စည်းတန်ဖိုး လူ့တန်ခိုးတက်တယ်ခေါ်ပါတယ်၊ ပစ္စည်းကြောင့် ဝမ်းသာစရာ ပေါ်ပေါက်လို့လာ

http://www.dhammadownload.com



တယ်။

ကိုယ်ကမေတ္တာနဲ့ကျွေးရင် ဟိုကလည်း မေတ္တာနဲ့ လာမှာပါဗျ။

http://www.dhammadownload.com

# ဆွေမျိုးမိတ်ဆွေတွေကို ပြန်ကူညီရမယ်

**(၄) ဆွေမျိုးမိတ်ဆွေ၊ ပေးရပေ၊ မသွေမေ့ထားရ ဟန်လုပ်ပြီးမပေးပါနဲ့**

လူဟာ တစ်ယောက်ထဲနေလို့မဖြစ်၊ အများနဲ့နေရတယ်၊ ဆွေမျိုးတွေရှိတယ်၊ မိတ်ဆွေတွေရှိတယ်၊ အခါအားလျော်စွာ သူတို့ထံမှ ကိုယ်က အကူအညီယူရမှာဖြစ်သလို သူတို့ကိုလဲ ကိုယ်က ပြန်ပြီး ကူညီရလိမ့်မယ်၊ ပစ္စည်းရှာကထည်းက ခွဲတမ်းတော့ပါထားပါ၊ ခွဲတမ်းရှိနေပါစေ။

တကယ်ပေးတဲ့အခါမှာလည်း ဟန်နဲ့ မပေးပါနဲ့၊ သာသနာမှာ ဟန်အလုပ်မရှိပါဘူး၊ သာသနာမှာလုပ်တဲ့ အလုပ်မှန်သမျှဟာ အမှန်အလုပ်တွေချည်းပါပဲ။

ရတနာသုံးပါးသည် ဟန်ရတနာမဟုတ်ပါ၊

http://www.dhammadownload.com



အမှန်ရတနာဖြစ်တယ်၊ သာသနာသည် ဟန်သာသနာမဟုတ်ပါ၊ အမှန်သာသနာဖြစ်တယ်။

ကိုယ့်ခန္ဓာက ဒုက္ခတွေလည်း ကြည့်ပါဦး၊ ဟန်ဒုက္ခတစ်ခုမှမပါ၊ အမှန်ဒုက္ခတွေချည်းပါ၊ သူတို့လွတ်အောင်ရုန်းတော့လဲ ဟန်နဲ့ရုန်းလို့တော့မလွတ်ပါဗျာ၊ အမှန်ပုံစံနဲ့ရုန်းမှလွတ်ပါ တယ်။

အိုတာကြည့်ပါ၊ ဟန်နဲ့အိုတယ်လို့ မရှိဘူး၊ တကယ်အိုတာ၊ နာတာကြည့်ပါဦး၊ ဟန်လေးနဲ့ဘယ်သူများ နာလို့လဲ? အမှန်တကယ်ကို နာတာ၊ သေတာကြည့်ပါဦး၊ ဘယ်သူများ ဟန်နဲ့သေသတဲ့လဲ?၊

အဲသလိုဆိုရင် ကိုယ့်ကိုကယ်တင်တဲ့ အလုပ်လုပ်တော့လည်း ဟန်ဘာလုပ်နေတော့မလဲ၊ အမှန်ပုံစံနဲ့ တကယ်ပဲလုပ်ရမှာပါ။

ဒါကြောင့် ဆွေမျိုးမိတ်ဆွေစတဲ့ ပုဂ္ဂိုလ်တွေကို ပေးပြန်တော့ စိတ်သန့်လေးတွေ စိတ်လုံကလေးတွေသုံးပြီး သဒ္ဓါ, ပညာ, မေတ္တာအားတွေနဲ့ဒါနပေါ်လာအောင်ပေးပါ၊ သီလ, သမာဓိ, ပညာပေါ်လာအောင် တရားစွမ်းအားတွေ ပေါ်ပေါက်လို့လာအောင်ပေးပါ။

http://www.dhammadownload.com



"သူတို့အလှူက ဘယ်လောက်ကျမှတော်မယ်၊ ဒီလောက်လေးကူလို့ မတော်ဘူးထင်တယ်၊ ငါးရာလောက်တော့ ကူမှကောင်းမယ်ထင်တယ်"

ဟန်ကလေးကဝင်လာပြီဗျ၊ တရားရဲ့သဘောက လုပ်နိုင်ရင်အပြတ်လုပ်, မလုပ်နိုင်ရင် ဟန်တစ်ခုမှ မလုပ်နဲ့၊ လုပ်ပြီဆိုရင်လဲ စေတနာသုံးတန် ထက်သန်ပြဋ္ဌာန်းပြီးတော့ ကိုယ့်အတွက် အားတက်စရာကျန်အောင်လုပ်ပါ၊ ဒါမှ ပစ္စည်းတန်ဖိုးလူ့တန်ခိုး တက်လာမှာ။

## မျိုးစေ့အမှန်စိုက်ရမယ်

**(၅) မျိုးစေ့အမှန်၊ စိုက်ရပြန်၊ ကေန်အတိုးရ၊ သွန်ပစ်တာမဟုတ်၊ စိုက်ပျိုးတာ**

မျိုးစေ့စိုက်ရတာ ကေန်အကျိုးရှိတယ်၊ ယခုလိုသီးခြားအလှူလုပ်တာကို မျိုးစေ့စိုက်တယ်လို့ တင်စားပြောတာပါ။

ဆိုကြပါစို့၊ စပါးတစ်တင်းကြဲချနေတဲ့ လယ်စိုက်ပျိုးသူတစ်ယောက်ကို အခြားသူတစ်

http://www.dhammadownload.com



ယောက်က သွားပြောတယ်ဆိုပါတော့ဗျာ။

"ခင်ဗျား ဒီစပါးတစ်တင်းကို စားလို့ရှိရင် ဘယ်နှစ်ရက်တောင် စားရမှာ၊ အခုတော့ ခင်ဗျားက ရေထဲသွန်ချလိုက်တယ်ဗျာ၊ မနှမြောဘူးလားဗျ?

ဟိုလူက ပြုံးပြုံးကြီးပြောလိမ့်မယ်။

"ဒါဟာ သွန်ပစ်တာ မဟုတ်ပါဘူးခင်ဗျ၊ ကြဲချစိုက်ပျိုးတယ်ခေါ်ပါတယ်"

"ဘယ်လိုမြင်လို့ စိုက်ပျိုးပါသလဲခင်ဗျ"

"အပင်ပေါက်မှာ သိထားလို့ စိုက်ပျိုးပါတယ်"

"မျိုးစေ့တွေက ခင်ဗျားကို အပင်ပေါက်မယ်လို့ ပြောပါသလား"

"ပြောတော့ မပြောပါဘူး၊ ဒါပေမယ့် အပင်ပေါက်နိုင်တဲ့သတ္တိရှိတာကိုယ်က သိထားပါတယ်၊ ယုံလည်းယုံထားပါတယ်၊ လက်တွေ့လည်း ဖြစ်နေပါတယ်"

"ပေါက်တော့ကောဗျာ"

"ပေါက်တော့ အသီးသီးမယ်ဗျာ၊ အချိန်တန်တော့"

"သီးမယ်လို့ မျိုးစေ့တွေက ပြောပါ

http://www.dhammadownload.com



သလား"

ပြောတော့မပြောဘူးလေ၊ သိးနိုင်တဲ့သတ္တိရှိတယ်ဆိုတာ ကိုယ်ကသိပြီးသား ယုံပြီးသား၊ လက်တွေ့လည်းဖြစ်နေတယ်"

"သီးတော့ကော ဘယ်လိုသီးမှာလဲ?

"အတိုးနဲ့သီးမယ်လေ"

"အတိုးနဲ့သီးမယ်လို့ မျိုးစေ့တွေက ပြောပါသလား"

"ပြောတော့ မပြောဘူး၊ ဒါပေမယ့် အတိုးနဲ့ သီးနိုင်တဲ့သတ္တိရှိတယ်ဆိုတာ ကိုယ်က သိထားတယ်၊ ယုံလည်းယုံထားတယ်၊ လက်တွေ့လည်း ဖြစ်နေပါတယ်၊ ဒါကြောင့် တစ်တင်းစိုက်ပေမယ့် တင်းပေါင်းများစွာ ပြန်ရမှာဖြစ်လို့ ကျွန်တော့်မှာ ပျော်နေပါတယ်ခင်ဗျာ"လို့ ဖိုးပြုံးကြီး ပြောပြပါလိမ့်မယ်။

http://www.dhammadownload.com

# မျိုးစေ့ကိုတောင်
# အကြွင်းမဲ့ယုံသေးရင်

ဒါမျိုးလိုပေါ့၊ ယခု မွေ့ရက္ခိတမွှာရုံ ပရိသတ်အပေါင်း သူတော်ကောင်းတွေ အလှူဒါန မျိုးစုံတွေ လုပ်ကြတယ်၊ တစ်စုံတစ်ယောက်က လာပြီး

“မနေ့မြောဘူးလားဗျာ၊ ပစ္စည်းတွေ အလကားလျှောက်ပေးနေတာ ကုန်သွားမှာပေါ့၊ မွဲသွားတော့မှာပေါ့”

“မမွဲပါဘူး၊ ဒါဟာအလကားသွန်ပစ်တာမှ မဟုတ်ဘဲ၊ ကုန်လဲမကုန်ပါဘူး၊ ရတာပါ”

အသက်မပါ စိတ်မပါတဲ့ မျိုးစေ့ကိုတောင် ကိုယ်က အကြွင်းမဲ့ယုံသေးတာ၊ ကိုယ့်စေတနာက

http://www.dhammadownload.com



အသက်လည်းပါတယ်၊ စိတ်လည်းပါတယ်၊ ကိုယ့်စေတနာမှ ကိုယ်မယုံ၊ ဘယ်သူ့ကို ယုံမလဲ?

အတိုးအာမခံနှုန်း ဘယ်လိုမှ ကန့်သတ်လို့ မရတဲ့၊ ကိုယ်ရဲ့ ထက်မြက်စူးရှလှတဲ့ စေတနာ ကောင်းဆိုတာ အတိုးအာမခံ အလွန်စိတ်ချရပါ တယ်၊ ကုန်တာလည်းမဟုတ်ပါဘူး၊ ပြန်ပြီးတော့ ရမှာပါ၊ ပျောက်ကွယ်သွားတာလည်း မဟုတ်ပါဘူး၊ ပြန်ပြီးတော့ အတိုးတွေနဲ့ ပြန်လာမှာပါ စသည်ဖြင့် မျိုးစေ့စိုက်တဲ့ပုံစံနဲ့ ကြည့်လိုက်တော့ အလှူလုပ်တာ ပျော်စရာကြီးကိုဗျ။

ဟုတ်တယ်၊ ပစ္စည်းကြောင့်ပျော်ရမှ ပစ္စည်း တန်ဖိုးလူ့တန်ခိုးခေါ်တာ၊ ပစ္စည်းကြောင့် လောဘ ပျော်ပျော်သွားရင် အဲဒါနတ်တွက်၊ ရှုံးမှာ၊ ပစ္စည်း ကြောင့်လောင်နေရင် အဲဒါငရဲတွက်၊ ရှုံးမှာ,လောင် မှာ။

ဒီတော့ လူဆိုတာလူတွက်တွက်ရမှာ၊ ဒါ ကြောင့်

* **မျိုးစေ့အမှန်၊ စိုက်ပျိုးပြန်၊ ကေန်အတိုးရ။**
* **ဥစ္စာအကျိုး၊ ဤငါးမျိုး၊ အတိုးတက်လာရ။**
* **ဥစ္စာအကျိုး၊ ဤငါးမျိုး၊ တန်ခိုးတက်လာရ၊**

http://www.dhammadownload.com



* ပစ္စည်းတန်ဖိုး၊ လူ့တန်ခိုး၊
ကောင်းကျိုးအနန္တ။

ပျော်စရာကောင်းတဲ့ပစ္စည်း ဥစ္စာရဲ့ ဂုဏ်အင်အာနိသင်ဆိုတာ အဲဒီငါးမျိုးကို ပြောတာ၊ မသုံးတတ်တဲ့ပုဂ္ဂိုလ်တွေကျတော့ ပူကြလောင်လိုက်ကြရတာတွေ၊ သုံးတတ်တဲ့ ပုဂ္ဂိုလ်တွေကျပြန်တော့ ပစ္စည်းကြောင့် မိတ်ဆွေကောင်းတွေတိုး စွမ်းအားကောင်းတွေတက်လို့ တန်ခိုးတွေတက်လို့ ကြည်နူးကြရပါတယ်။

ဒါကြောင့် ယခုအလှူပွဲလုပ်ကြတယ်ဆိုတာ ပစ္စည်းတန်ဖိုး လူ့တန်ခိုးကို ထုတ်ယူနေကြတာ။

* မိမိခန္ဓာ၊ ကောင်းစွာအမှန်၊ သုံးဖို့ရန်၊
ကေန်ဥစ္စာသုံးစွဲရ။
* ကျေးဇူးရှင်တွေ၊ ပေးရသေ၊ မသွေမေတ္တာရ။
* မိသားစုအား၊ ပေးရငြား၊ စွမ်းအား
မေတ္တာရ၊
* ဆွေမျိုးမိတ်ဆွေ၊ ပေးရသေ၊ မသွေမေတ္တာရ၊
* မျိုးစေ့အမှန်၊ စိုက်ရပြန်၊ ကေန်အတိုးရ၊
* ဥစ္စာအကျိုး၊ ဤငါးမျိုး၊
တန်ခိုးတက်လာရ။

http://www.dhammadownload.com



* ပစ္စည်းတန်ဖိုး၊ လူ့တန်ခိုး၊ ကောင်းကျိုးအနန္တ။

ဘိက္ခုဝေ-ပရိသတ်လေးပါး ချစ်သားချစ်သမီးတို့၊ ဘောဂေသု-ရှာလိုက်ရလိုက်, ကုန်သွားလိုက်ဟု, မောဟိုက်မဆုံး အပူတုံးဖြင့်, နိမ့်ပြန်မြင့်ပြန်, စုန်ဆန်မျောကာ, လူ့ဥစ္စာတို့၌ အာနိသံသာ-ပစ္စည်းတန်ဖိုး လူ့တန်ခိုးဟု အကျိုးဂုဏ်အင်အာနိသင်တို့သည်၊ ဣမေပဉ္စ- ဤဆိုအပ်ခဲ့ပြီးသော ငါးမျိုးငါးစား ငါးပါးတို့သည်၊ ဟောန္တိ-ပစ္စည်းတန်ဖိုး လူ့တန်ခိုးဟု၊ ကောင်းကျိုးရအောင်စွမ်းအားဆောင်ကာ၊ ကောင်းစွာမသွေ၊ ထင်ရှားရှိကြပါပေကုန်သတည်း။

## သာသနာ့လမ်းကြောင်းပေါ်က လူတစ်ယောက်ရဲ့အလှုလုပ်နည်း

ဒီတော့ပစ္စည်းအားလုံးကို စိတ်သန့်စိတ်လုံဆိုတဲ့ လမ်းကြောင်းလေးပေါ်တင်ပေးရမယ်၊ သူ့ကို

http://www.dhammadownload.com



သုံးလိုက်တိုင်း သုံးလိုက်တိုင်း သဒ္ဓါ, ပညာ, မေတ္တာအားပါရမယ်၊ အလှူတစ်ခု လုပ်ပြီဆိုရင် လည်းသာသနာ့လမ်းကြောင်းပေါ်ကလှူတစ်ယောက်ရဲ့ အလှူသည် ဟန်တော့မလုပ်ပါဘူး၊ အမှန်ပုံစံနဲ့ပဲ သွားရမှာဖြစ်တယ်။

(၁) နိဗ္ဗာန်ရည်မှန်းချက်ထားပါ။

ဒုက္ခလွတ်တာ ဒီတစ်ခုထဲရှိပါတယ်၊ ခန္ဓာနဲ့ ဆက်စပ်တဲ့အရာတွေဟာ ခေတ္တခဏ သက်သာခိုက်လေးမှာ ပြုံးနိုင်သော်လည်း ရထားတာက ဒုက္ခ ထုပ်ကြီးဖြစ်တာကြောင့် ကန့်သတ်ချိန်စေ့ရင် လက်လွှတ်ရမယ်၊ ဒုက္ခနဲ့ ဆက်စပ်သမျှ ပူလောင်ရမှာပဲ၊ နိဗ္ဗာန်မှာ ဒါမျိုးမရှိ။

(၂) ဉာဏ်ဦးဆောင်ပါ။

ရှိလို့လှူတာမဟုတ်ဖူး၊ သိလို့လှူတာဖြစ်ပါစေ၊ ရည်ရွယ်ချက်ထားပြန်တော့လည်း ရှိဖို့ထက် သိဖို့ကို ဦးစားပေးပါ၊ ခုနက နိဗ္ဗာန်ဦးတည်လိုက်ပြီ၊ နိဗ္ဗာန်မရောက်ခင်လည်းပဲ(မိမိက) ကောင်းမှုကို လုပ်ထားတာဖြစ်သောကြောင့် ကောင်းကျိုးဘဲ ရမှာပါ။

ကောင်းပြီ၊ ကောင်းကျိုးရတော့ ဘာတွေ

http://www.dhammadownload.com



လာမှာတဲ့တုန်း? ဉာဏ်နဲ့လှမ်းမျှော်ကြည့်စမ်းပါ၊ ခန္ဓာပဲလာမှာပေါ့၊

"ဩော် ခန္ဓာပဲလာမှာဆိုရင် ခန္ဓာအလုပ် လုပ်ဦးမှာပေါ့"

"လုပ်မှာပေါ့"

"ဒါဆိုရင် အိုမှာပေါ့နော်"

"အင်း အိုမှာပေါ့"

"နာကောနာဦးမှာလားခင်ဗျာ"

"နာမှာပေါ့၊ ခန္ဓာဘဲ"

သေကောသေဦးမှာလား?

"သေမှာပေါ့, ခန္ဓာဘဲ။"

ဖြစ်ပျက်နှစ်တန် နှိပ်စက်သမျှကို ခံရဦးမှာ လားခင်ဗျာ?

"ခန္ဓာဘဲလေ၊ ခန္ဓာအလုပ်လုပ်တော့ ခံရဦး မှာပေါ့"

"အဲသလိုဆိုရင် ဘာထူးလဲဗျာ၊ ခန္ဓာဘဲ လာဦးမယ်ဆိုရင် အိုရဦးမယ်၊ နာရဦးမယ်၊ သေရ ဦးမယ်၊ ပူဆွေးရဦးမယ်၊ နာမည်လေးကတော့ ကောင်းမှုကြောင့် ကောင်းကျိုးလာတာတဲ့၊ ဒါပေ မယ့်လာတော့ ခန္ဓာကြီးတွေလာပြီး ခန္ဓာအလုပ်လုပ်

http://www.dhammadownload.com



သွားတော့ ဒုက္ခဖြစ်ဦးမှာပဲ”

အဲသလိုဆိုရင် လိမ္မာပါးနပ်ပါ၊ သာသနာ့ အသိဉာဏ် ရထားသူဟာ လိမ္မာပါးနပ်ပါ၊ ကံထိန်း ခလုတ် သတိဉာဏ်တော့ ကူရလိမ့်မယ်။

http://www.dhammadownload.com

# မြွေဆိုးဖမ်းသလို

မြွေဆိုးဖမ်းတဲ့အခါမှာ စိတ်လောကြီးပြီး အမြီးကိုင်ဖမ်းရင်တော့ ကိုက်မှာသေချာပြီးသား ပေါ့။

ဒါမျိုးလိုပေါ့၊ ကုသိုလ်တစ်ခု လုပ်လိုက်တယ်၊ ကောင်းမှုကြောင့် ကောင်းကျိုးလာမှာမှန်သော်လည်း ခန္ဓာမြွေဆိုးကြီးပါဗျာ၊ လောကြီးပြီး အဝိဇ္ဇာတဏှာနဲ့ အမြီးကိုင်ဖမ်းရင် ကိုယ့်ပြန်ကိုက်လိမ့်မယ်၊ သောကပရိဒေဝစသည့် အဆိပ်တက်အောင် ပြန်ကိုက်လိမ့်မယ်။

မြွေဆိုးဖမ်းတော့ ခေါင်းကလည်ပင်းက ကြပ်ကြပ်ရပ်ရပ် ကိုင်ဖမ်းရသလို နောက်ထပ်လာမယ့်ခန္ဓာတွေကိုလည်း သတိဉာဏ်နဲ့ ဝိပဿနာ

http://www.dhammadownload.com



တွေ့ပါကူပြီးတော့ ခေါင်းကလည်ပင်းကကြပ်ကြပ်
ရပ်ရပ် ကိုင်ဖမ်းရမှာဗျာ၊
ဒါကြောင့် ဉာဏ်ဦးဆောင်ပါဆိုတာ ဒါကို
ပြောတာ၊ ရှိဖို့ထက် သိဖို့ကိုဦးစားပေးဗျ။

http://www.dhammadownload.com

# ကိုယ်နှင့်နှုတ်ကို သီလနဲ့ဘောင်ခတ်ပါ

(၃) ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ကြီး လှူပါ။

(၄) တက်တက်ကြွကြွ ထက်ထက်သန်သန် နဲ့ အောင်ပွဲကြီးတစ်ခု ရလိုက်သလိုလှူပါ။

(၅) သီလ, သမာဓိ, ပညာ, သိက္ခာ သုံးပါး လမ်းကြောင်းရှင်းပြီးတော့လှူပါ။

ဒုက္ခထွက်ပေါက်က ဒီတစ်ပေါက်ထဲရှိတာ၊ ကိုယ်နဲ့ နှုတ်ကို သီလနဲ့ဘောင်ခတ်ပါ၊ စိတ်ကို သမာဓိနဲ့ ဘောင်ခတ်ပါ၊ အသိကိုတော့ ပညာနဲ့ ဘောင်ခတ်ပါ၊ တစ်နည်းအားဖြင့် ဝိပဿနာနဲ့ ဘောင်ခတ်ပါ၊ အဲဒါ လူရဲ့(ကမ်း၃-ခု)ဒုက္ခအပူ ထွက်ပေါက်လို့ခေါ်တယ်။

http://www.dhammadownload.com



(၆) အပူကင်းတဲ့စိတ်နဲ့၊ ရှေ့နဲ့နောက် အသိချင်းစပ်ပြီး လှူပါ၊ ဒါဟာ ပထမတန်းစား အလှူဗျာ။

ဒါကြောင့် ဓမ္မရက္ခိတဓမ္မာရုံပရိသတ် အပေါင်းသူတော်ကောင်းတွေ သာသနာကို အကြောင်းပြု ကောင်းမှုတွေ လုပ်လိုက်ကြတာ ပစ္စည်း တန်ဖိုးလှူ့တန်ခိုးတွေလည်း တက်ပါပြီဗျာ။

အတိတ်ကလည်း တက်ခဲ့ပါပြီဗျာ၊ နောက် ထပ်လည်း ပစ္စည်းတွေအကြောင်းပြုပြီး ပူရမယ့် နေရာမှာ အေးစရာနဲ့ အစားသွင်းပြီးတော့ပစ္စည်း တန်ဖိုးလှူ့တန်ခိုးတွေတက်အောင်သာ ဒို့တွေလုပ် မယ်လို့ ကြိုးစားကြရမှာပေါ့။

ဒါကြောင့် ကတပုညတံ–ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏အဖြစ်ကို၊ ကတပုညတံ–ပစ္စည်း တန်ဖိုး လှူ့တန်ခိုးဟု၊ ကောင်းကျိုးရကြောင်း တရားကောင်းကို၊ ပဏ္ဍိတာ– ဘုရားအစရှိကုန် သော သူတော်ကောင်းတို့သည်၊ ပသံသန္တိ–ကောင်း စွာမသွေချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် ပစ္စည်းတန်ဖိုး လှူ့တန်ခိုးတရား ကြားနာကြရတဲ့ ဓမ္မသဝနမင်္ဂလာနဲ့ ကောင်းမှု

http://www.dhammadownload.com



စွမ်းအား မြတ်တရားတွေကြောင့် ဘေးရန် အပူခပ်သိမ်း လွတ်ငြိမ်းကြ၍ ကောင်းကျိုးချမ်းသာ များကြီးပွားတိုးတက်ပြည့်စုံကြပြီးလျှင်၊ ကျန်းကျန်း မာမာ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် အားကိုး စရာ ကောင်းမှုကိုယ်ပိုင်တရား တိုးပွားအောင် ကြိုးစားနိုင်လွယ်ကြလျက်၊ တစ်ဘဝလုံး တရားစွမ်း အားဖြင့် တည်ငြိမ်ရင့်ကျက်အေးချမ်းစွာ နေနိုင် ကြပြီး ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ အသခ်တ ဓာတ် နိဗ္ဗာန်မြတ်ကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ်ရလွယ်နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

# အဖြူအမည်း နှစ်လမ်းကွဲ

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်

*[သာသနာတော်နှစ် ၂၅၄၂ ခု ကောဇာ ၁၃၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် ခရစ်နှစ် ၁၉၉၈ ခု အောက်တိုဘာလ ၁၈ ရက် တနင်္ဂနွေနေ့၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်၊ ကွမ်းခြံမြောက်ကိုင်း (၄)ရပ်ကွက် မှော်ဂုံကြီးအတွင်း၌ မှော်ဂုံမိသားစုများ၏ ဆွမ်းအလှူ အောင်ပွဲကိုအကြောင်းပြု၍ ကောင်းမှုတရားကြီးစွာပြုလုပ် အားထုတ်ကြရာတွင် အနုမောဒနာတရားအဖြစ်ဖြင့် အနုသာသနီအဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။]*

သတ္တဝါတွေ သွားနေကြတဲ့လမ်းက အဖြူနဲ့ အမည်းနှစ်လမ်းပဲရှိပါတယ်၊ ယခုပရိသတ်အပေါင်း သူတော်ကောင်းတွေက အဖြူလမ်းကသွားနေကြတယ်။

အဖြူလမ်းကြောင်းဖြင့် ကိုယ့်ဟာကိုယ်

http://www.dhammadownload.com



လည်းအလှဆင်လို့ လောကသာသနာကိုလည်း အလှဆင်လို့၊ ပစ္စည်းတွေကိုလည်း အလှဆင်လို့၊ စွမ်းအားကိုယူပြီး ပျော်ရွှင်ချမ်းမြေ့တည်ငြိမ်အေး ချမ်းစွာသွားကြတယ်။

ကဏှာဓမ္မာ၊ သုက္ကာဓမ္မာ

ကဏှာ–အပါယ်ဆင်းရဲ ဘုန်းကံနည်းကြောင်း မကောင်းမည်းညစ်ကြကုန်သော၊ဓမ္မာ–မကောင်းမှု အကုသိုလ်တရားတို့သည်၊ သံဝိဇ္ဇန္တိ–မုချမသွေ ရှိကြပါပေကုန်၏။ သုက္ကာ–ချမ်းသာသုံးတန်၊ ဘုန်းကံကြီးကြောင်း ကောင်းမြတ်ဖြူစင်ကြကုန်သော၊ ဓမ္မာ–ကောင်းမှုကုသိုလ်တရား တို့သည်၊ သံဝိဇ္ဇန္တိ–ကောင်းစွာမသွေ ထင်ရှားရှိနေကြပါကုန်၏။

ဣတိ–ဤသို့၊ ဧတံ–ဤအဖြူအမည်းနှစ်လမ်းကွဲဆိုသောတရားကို၊ ဘဂဝါ–တရားစွမ်းအားမြတ်တရားကို ပွားများမြင့်တင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ အဝေါစ–ကရုဏာတရား မေတ္တာထား၍ ဟောကြားတော်မူခဲ့ပါပေသတည်း။

http://www.dhammadownload.com

# တရားသည်လောကရဲ့ အကြီးမားဆုံးသောအင်အား

လောကမှာရှိတာကတော့ အဖြူလမ်းနဲ့ အမည်းလမ်းနှစ်လမ်းရှိတယ်၊ သာသနာ့မျက်လုံး ရှိထားတော့ မိမိတို့ရှောင်ရမှာက အမည်းလမ်း အမည်းရောင်၊ မိမိတို့ ဆောင်ရ,ပြုလုပ်ရမှာကတော့ အဖြူလမ်း, အဖြူရောင်, အဲသလို နားလည်လို့ အဖြူရောင်ကောင်းမှုများ ပျော်ရွှင်စွာ ပြုလုပ်အား ထုတ်နေကြပါတယ်။

တရားဆိုတာ လောကရဲ့ အကြီးမားဆုံး သောအင်အား၊ တရားဆိုတာ လောကရဲ့ နောက် ပိတ်ဆုံး အသက်ကယ်ဆေး၊ တရားကို ဖြုတ်လိုက် တာနဲ့ လူ့ချမ်းသာတွေဟာ တစ်စချင်း အကုန် ပြုတ်ထွက်သွားပါတယ်။

http://www.dhammadownload.com



ရှိတယ်လို့တော့ပြောလို့ရတယ်၊ ချမ်းသာတယ်လို့တော့ ပြောလို့မဖြစ်ပါ၊ တရားဟာ မလိုသေးပါဘူး၊ အားမှမအားသေးပဲ၊ အသက်ကြီးမှပဲ၊ နောက်မှပဲလုပ်တော့မယ်လို့ တရားကို နောက်ကို ပို့ချလိုက်တာနဲ့တစ်ပြိုင်နက် လူ့ချမ်းသာတွေဟာ တစ်စချင်း တစ်စချင်း ပြုတ်ထွက်သွားတယ်။

အရှိတွေက ကိုယ့်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်စွမ်း မရှိကြတော့ဘဲ အရှိနှိပ်စက်တာ ခံနေရတယ်၊ ဒါကြောင့် တရားစွမ်းအားဆိုတာ ကေန်ရအောင်ယူရမယ့်အရာလို့ ပရိသတ်အပေါင်းသူတော်ကောင်းတွေ သဒ္ဓါနဲ့လည်း ယုံကြည်ကြ၊ ပညာနဲ့လည်း သိမြင်ကြလို့ ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ကိုလုပ်ကြတယ်။

ဒီလောက်အံ့ဩစရာကောင်းတဲ့ သာသနာတော်မြတ်ကြီး ကြာကြာတည်စေရမယ်လို့ စစ်မှန်တဲ့သဒ္ဓါ၊ ပညာ၊ မေတ္တာတွေနဲ့ မိမိတို့ရဲ့ ပစ္စယာနုဂ္ဂဟ အင်အားတွေဖြင့် ချီးမြှောက်နေကြတယ်။

http://www.dhammadownload.com

# တရားသည် ရေနှင့်တူ၏

တရားကိုရေနဲ့ ဥပမာပေးတယ်၊ ရေဆို တာ–

* **ဆာလောင်မှုတွေ၊ ပြေပျောက်စေ၊ ပေးလေရေစွမ်းအား၊**

ရေသည် ဆာလောင်မှုကို ပြေပျောက်စေ တယ်၊ ရေတကယ်ဆာနေတဲ့ အချိန်မှာ ရေသောက် မှပဲ ရေဆာပျောက်ပါတယ်၊ဒီပြင် ဘာစားစား ရေဆာမပျောက်ပါဘူး၊ ဒါမျိုးလိုပဲ။

* **အားငယ်မှုတွေ၊ ပြေပျောက်စေ၊ ပေးလေ မြတ်တရား။**

တရားဟာလည်း အားငယ်တဲ့ ပုဂ္ဂိုလ်များ ကိုအားရှိသွားအောင် ဆောင်ရွက်ပေးနိုင်တယ်၊ စိတ်ဓာတ် တကယ်အားငယ်တဲ့အခါမှာ ဘယ်လို

http://www.dhammadownload.com



အားတိုးဆေးစားလို့မှ အားမရှိပါဘူး၊ ဘယ်လို အားဆေးတွေ ထိုးလို့မှ စိတ်အားမရှိလာပါဘူး။

စိတ်မှာ အားငယ်နေတဲ့အချိန်မှာ၊ တရားကို နာကြားခွင့်၊ လေ့လာခွင့်၊ ကြိုးစားဖြည့်ကျင့်ခွင့် အားထုတ်ခွင့်ရမှပဲ အားရှိလာမှာပါ။

http://www.dhammadownload.com

# တရားရေနဲ့ဆေးကြောပေးမှ

* **ညစ်ညမ်းမှုတွေ၊ သန့်ရှင်းစေ၊ ပေးလေရေစွမ်းအား၊**

လောကမှာရေဆိုတာ ဘယ်လိုပင် အညစ်အကြေးတွေနဲ့ ပေကျံညစ်နွမ်းနေသော်လည်း စင်ကြယ်သွားအောင်သုတ်သင်ပေးနိုင်တဲ့ သတ္တိရှိတယ်၊ ဒါမျိုးလိုပဲ–

* **စိတ်ဓာတ်ရှုပ်ထွေး၊ ညစ်ထေးမှုတွေ၊ သန့်ရှင်းစေ၊ ပေးလေမြတ်တရား။**

စိတ်ဓာတ်အလွန်ရှုပ်ထွေးနေတဲ့ အချိန်၊ စိတ်အလွန်ညစ်နေတဲ့အချိန်မှာ အဲဒီရှုပ်ထွေးမှု၊ ညစ်ညမ်းမှုတွေအားလုံး သန့်ရှင်းသွားအောင် တရားက ဆောင်ရွက်နိုင်တယ်။

စိတ်တကယ်ညစ်လာ ရှုပ်လာရင်၊ ပကတိရေနဲ့ဆေးကြောလို့တော့စင်မှာမဟုတ်ဘူး၊

http://www.dhammadownload.com



တရားရေနဲ့ ဆေးကြောပေးမှ ရုပ်ထွေးတာတွေ သန့်ရှင်းသွားမယ်၊ ညစ်ထေးနေတာတွေ စင်ကြယ်သွားမယ်။

* **ပူလောင်မှုတွေ၊ ငြိမ်းအေးစေ၊**
  **ပေးလေရေစွမ်းအား။**

အေးမြသောရေသည် ပူလောင်မှု ပူအိုက်မှုကို ငြိမ်းေအးစေတယ်၊ သောက်တဲ့အခါပဲဖြစ်ဖြစ်၊ ချိုးတဲ့အခါပဲဖြစ်ဖြစ်၊ ပူလောင်သောရုပ်ခန္ဓာကို ငြိမ်းအေးသွားအောင် (အေးမြသောရေက) ဆောင်ရွက်နိုင်တယ်၊ တို့အတူပဲ။

* **စိတ်ပူမှုတွေ၊ အေးမြစေ၊**
  **ပေးလေမြတ်တရား၊**

စိတ်တွေပူလောင်တဲ့အခါ သောကပရိဒေဝ စသည်တို့ ခြစ်ခြစ်တောက်ပူလောင်ပြီးတော့ နေတဲ့အခါ တရားရေအေးကို သောက်သုံးမှသာလျှင် အေးမြသွားတယ်။

စိတ်ဓာတ်တွေ ပူလောင်နေတဲ့ အချိန်ကျတော့ ပကတိရေသောက်လို့မအေးတော့ဘူး၊ ရေချိုးရေသောက်လည်း မအေးတော့ဘူး၊ ပန်ကာလေကလည်း ဘယ်လိုမှမတတ်နိုင်တော့ဘူး၊ လေအေး

http://www.dhammadownload.com



စက်ကြီးတွေကလည်း ဘယ်လိုမှ မတတ် နိုင်တော့ဘူး၊ ယပ်တောင်လေးတွေကလည်း ဘာမှ မတတ်နိုင်တော့ဘူး၊ တရားရေအေးကသာ ပူလောင်မှုကို ငြိမ်းအေးစေတယ်။

## အဖြူရောင်တရားစွမ်းအား နားလည်လို့

* ညှိုးနွမ်းမှုတွေ၊ လန်းဆန်းစေ၊
  ပေးလေရေစွမ်းအား၊

ရေသည် ညှိုးနွမ်းမှုတွေကို လန်းဆန်းစေတယ်၊ ညှိုးနွမ်းနေတဲ့ သစ်ပင်လေးတွေ ရေလောင်းလိုက်တော့ ရေရလာတဲ့အခါ လန်းဆန်းလာတယ်၊ လန်းဆန်းနိုင်တဲ့ သတ္တိရေမှာရှိတယ်၊ ထို့အတူ-

* စိတ်ဓာတ်ညှိုးနွမ်း၊ ပင်ပန်းမှုတွေ၊
  ရှင်လန်းစေ၊ ပေးလေမြတ်တရား။

စိတ်ဓာတ်တွေ အရမ်းကို ညှိုးနေတဲ့အချိန်၊ စိတ်တွေသိပ်ပင်ပန်းနေတဲ့အချိန်မှာ တရားလေး

http://www.dhammadownload.com



များ နာလိုက်ရရင်၊ တရားလေး နှလုံးသွင်းလိုက်ရရင်၊ တရားပွားများ အားထုတ်ကြိုးစားလိုက်ရရင် အကောင်းဆုံးသော စိတ်အပမ်းဖြေခြင်းဘဲ။

တရားသည် လူကို မပင်ပန်းစေပါ၊ ပင်ပန်းမှုကိုသာ အပမ်းပြေပြီး လန်းဆန်းအေးမြသွားစေတယ်။

ဒါကြောင့် ယခုဓမ္မသဘင်တွေ ဆင်ယင်ကျင်းပလို့ တရားကို နာယူကြတယ်၊ သိရှိတဲ့ တရားကိုလည်း နှလုံးသွင်းကြတယ်၊ နေ့စဉ်နေ့စဉ် စွမ်းအားများကို လက်တွေ့ထုတ်လုပ်ပြီး ဘာဝနာ အဆင့်အထိ မြှင့်တင်ကြိုးစားနေကြတာ တရားစွမ်းအားနားလည်လို့ပေါ့။

အဖြူနဲ့အမည်း နှစ်ခုမှာ အဖြူရဲ့အားကိုးစရာကောင်းပုံကို သိမြင်ကြလို့ တရားစွမ်းအားတွေကို ဝမ်းမြောက်ဝမ်းသာပြုလုပ်အားထုတ်နေကြတာပါ။

- ဆာလောင်မှုတွေ၊ ပြေပျောက်စေ၊ ပေးလေရေစွမ်းအား။
- အားငယ်မှုတွေ၊ ပြေပျောက်စေ၊ ပေးလေမြတ်တရား၊

http://www.dhammadownload.com



* ညစ်ညမ်းမှုတွေ၊ သန့်ရှင်းစေ၊
  ပေးလေရေစွမ်းအား။
* စိတ်ဓာတ်ရှုပ်ထွေး၊ ညစ်ထေးမှုတွေ၊
  သန့်ရှင်းစေ၊ ပေးလေမြတ်တရား၊
* ပူလောင်မှုတွေ၊ ငြိမ်းအေးစေ၊
  ပေးလေရေစွမ်းအား။
* စိတ်ပူမှုတွေ၊ အေးမြစေ၊
  ပေးလေ မြတ်တရား။
* ညှိုးနွမ်းမှုတွေ၊ လန်းဆန်းစေ၊
  ပေးလေရေစွမ်းအား၊
* စိတ်ဓာတ်ညှိုးနွမ်း၊ ပင်ပန်းမှုတွေ၊
  ရွှင်လန်းစေ၊ ပေးလေမြတ်တရား။

ဒါကြောင့် အဖြူရောင်တရားဆိုတာ အားအကိုးရဆုံးသော စွမ်းအား၊ မိမိတို့က အဖြူ အမည်းအကြောင်းသိပြီးတော့ ဟောဒီအမည်းက ရှောင်ရမှာ၊ ဟောဒီအဖြူရောင်က ဆောင်ရမှာလို့ သိပြီးတော့၊ အဖြူရောင်စွမ်းအားကို သာသနာ့ အလင်းရောင်ကောင်းခိုက် ဓမ္မ, အဓမ္မ,အဖြူ အမည်း လမ်းကြောင်းကို ပြတ်သားစွာ မြင်နိုင်တဲ့ ဉာဏ်မျက်လုံးလေး ရခိုက်မှာ၊ သာသနာရတနာ

http://www.dhammadownload.com



ကြောကြီးတွေ့ခိုက်မှာ ကြိုးစားပြီး ယူသင့်တာကို ယူကြရပေမယ်ပေါ့။

http://www.dhammadownload.com

## အဖြူအမည်းဒွန်တွဲပြီး အကျိုးပေးသူတွေ

လူရဲ့စိတ်, သတ္တဝါတွေရဲ့စိတ်မှာ အဖြူ အမည်းရယ်လို့ နှစ်မျိုးရှိတယ်၊ အဖြူနဲ့အမည်းဟာ အမြဲဒွန်တွဲပြီးနေတာပဲ။

အမည်းကလည်း သူ့စွမ်းအားရှိသလောက် မကောင်းကျိုးပေးပြီးနေတာပဲ၊ အဖြူကလည်း သူ့စွမ်းအားရှိသလောက် ကောင်းတဲ့အကျိုး ပေးတာပဲ၊ လောကမှာ အဖြူအမည်းဒွန်တွဲပြီး အကျိုးပေးတဲ့ သူတွေ အများကြီးပါ။

တချို့ ဉာဏ်သိပ်ကောင်းတယ်၊ စီးပွားဥစ္စာ မပြည့်စုံ၊ အဖြူနဲ့အမည်း ဒွန်တွဲပြီး အကျိုးပေးတာ။

တချို့ရုပ်ကလေးလှလိုက်တာ အင်မတန် ချောတယ်၊ ပစ္စည်းဥစ္စာ မပြည့်စုံဘူး။

http://www.dhammadownload.com



တချို့ ပစ္စည်းသိပ်ပြည့်စုံတယ်၊ ဉာဏ်ကမကောင်း၊ အဲသလို စသည်ဖြင့် အဖြုန့်အမည်းဒွန်တွဲနေကြတာ။

တချို့ရုပ်သိပ်ဆိုးတယ်၊ ဒါပေမယ့် ပစ္စည်းဥစ္စာပြည့်စုံတယ်၊ အဲသလို စသည်ဖြင့် အဖြူအမည်းဒွန်တွဲပြီး အကျိုးပေးနေကြပုံတွေပေါ့၊ သူ့ရှိတာပေးရတာလေ၊ ကံတရားကိုး။

http://www.dhammadownload.com

# အမည်းရောင်ဆိုတာ

ကံဆိုတာဟာ ဟန်မလုပ်ပါဘူး၊ မရှိတာလည်း သူက ဟန်နဲ့ ထုတ်မပေးပါဘူး၊ ရှိတာလည်း လျှို့ဝှက်ထိန်ချန်မထားဘူး၊ ရှိတာအကုန်ထုတ် ပေးရတာ။

အဖြူ၊ အမည်းနှစ်မျိုးမှာ အမည်းဆိုတာက

* **အပါယ်ဆင်းရဲ၊ ဘုန်းကံနည်းကြောင်း၊ မကောင်းမှုမှာ၊ မည်းညစ်တာ၊ မှတ်ပါ မပြုရှောင်၊**

အမည်းဆိုတာ ရှောင်ကိုရှောင်ရမှာ၊ ဘာကြောင့်လဲဆိုတော့ အပါယ်ဆင်းရဲ ရောက်အောင် လုပ်နိုင်တယ်၊ အပါယ်ကျအောင်လုပ်နိုင်တယ်။

အပါယ်ဆိုတာ ပစ္စုပ္ပန်မှာ ဝိုင်းပယ်ခံရတဲ့ အဆင့်ရောက်ရင် ဒါလဲအပါယ်ဘဲ၊ ငရဲတိရစ္ဆာန်

http://www.dhammadownload.com



ပြဂ္ဂှာ အသုရကာယ် အပါယ်လေးဘုံရောက်သွား တော့လည်း ဒါလည်း အပါယ်ဘဲ။

ကြီးမားများပြားလှတဲ့ အပါယ်ဆင်းရဲကို ရောက်စေနိုင်တယ်၊ စိတ်ကို မနိုင်လို့လွှတ်ချ လိုက်တာနဲ့ စိတ်ဟာ အမည်း ရောင်ဖြစ်သွားတယ်၊ အဲဒီအမည်းရောင် စိတ်သည် အပါယ်ဆင်းရဲရောက် အောင်လုပ်မယ်။

ရရှိထားပြီးသော ကုသိုလ်အရှိန်အဝါများကို စွမ်းအားနည်းသွားစေတယ်၊ ကိုယ်မှာရှိထားပြီး တဲ့ ကုသိုလ်အရှိန်အဝါတောင်စွမ်းအားသတ္တိ လျော့နည်းအောင်လုပ်တယ်၊ ဘုန်းကံနည်းတယ်။

http://www.dhammadownload.com

# အဖြူရောင်ဆိုတာ

* ချမ်းသာသုံးတန်၊ ဘုန်းကံကြီးကြောင်း၊ မြတ်ကောင်းမှုမှာ၊ ဖြူစင်တာ၊ မှတ်ပါ ပြုရှုဆောင်။

ယခုလိုဒါနတွေပြုလုပ်ကြတယ်၊ သီလတွေ ကျင့်သုံးကြတယ်၊ သမာဓိတွေ ပွားများကြတယ်၊ ဝိပဿနာတွေ အားထုတ်ကြတယ်၊ ဒါဟာ အဖြူ ရောင်စိတ်ကြောင့် ပြုလုပ်ကျင့်သုံးနိုင်တာ။

အဖြူရောင်စိတ်ကြောင့် ပေါ်လာတဲ့ အဖြူ ရောင်ကောင်းမှုတွေဆိုတာ လူနတ်နိဗ္ဗာန် သုံးတန် သော ချမ်းသာရအောင်လည်း ဆောင်ရွက်ပေး နိုင်တယ်၊ ကုသိုလ်စွမ်းအား အရှိန်အဝါတွေကို လည်း ကြီးမားမြင့်တက်သွားစေနိုင်တယ်၊ ဘုန်းကံ ကြီးသွားအောင် ဆောင်ရွက်နိုင်တယ်။

http://www.dhammadownload.com



ဒီအဖြူရောင်ဟာ ဆောင်ကိုဆောင်ထား ရမယ့်စွမ်းအား၊ ဒုက္ခအပူမလိုချင်ပါဘူး ဆိုရင်လည်းဆောင်သာထား၊ ချမ်းသာတွေကို အလွန်လိုချင်လှပါတယ်ဆိုရင်လည်း ဆောင်သာထား။

http://www.dhammadownload.com

# အမြဲနဲ့အမည်း တစ်လမ်းစီ

* အဖြူအမည်း၊ မတူဘဲ၊ လမ်းခွဲ၍သာဆောင်၊

အဖြူနဲ့အမည်းက တစ်လမ်းစီဘဲ၊ အမည်းရောင်ဆိုတာ စိတ်မနိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ စိတ်ကို လွှတ်ချလို့ စိတ်တွေပေါက်ကွဲလို့ ပေါ်လာတဲ့ အရောင်ကြီးပဲ။

အဖြူရောင်ဆိုတာ စိတ်ကိုနိုင်လို့၊ ကိုယ့်စိတ်အပေါ် ဩဇာညောင်းလို့၊ ကိုယ့်ကိုကိုယ်နိုင်လို့သာ ရလာတာဖြစ်လို့ သူကစွမ်းအားရှိတယ်၊ ကိုယ်လိုချင်တာ သူအကုန်ပေးနိုင်တယ်။

* အဖြူသမား၊ အပေါ်သွား၊

အောက်သွားအမည်းမှောင်၊

http://www.dhammadownload.com



အဖြူသမားတွေအပေါ်သွားရတယ်၊ အမည်းသမားတွေ အောက်သွားရတယ်၊ အဖြူသမားအပေါ်သွားဆိုတာနဲ့၊ အပေါ်သွားတွေက ဖြူတယ်၊ အောက်သွားတွေကမည်းတယ်လို့ ယူဆရမှာ မဟုတ်ပါဘူး။

အဖြူရောင်သမားသည် အပေါ်(ကောင်းရာသုဂတိ)ကို သွားရမယ်၊ အမည်းရောင်သမားသည် အောက်ကျနောက်ကျလည်း နေရမယ်၊ အောက်(အပါယ်လေးဘုံ)ကိုလည်း သွားရမယ်ဆိုလိုတာပါ။

* **အဖြူကောင်းမှု၊ ရအောင်စု၊ မပြုအမည်းရှောင်၊**

ကိုယ်ကသိနေပြီလေ၊ သာသနာကျေးဇူးကြောင့်၊ သာသနာက ညွှန်ထွန်းထားတဲ့ ဉာဏ်အလင်းရောင်ကြီးကို ရနေပြီဆိုတော့ ဟောဒါက အမည်းရောင်၊ အမည်းလမ်းကြီး မသွားရဘူး၊ ရှောင်ရမှာ၊ ဟောဒါက အဖြူရောင်၊ အဖြူလမ်းကြောင်းကြီး၊ သွားရမှာ, ဆောင်ရမှာ၊ လုပ်ရမှာ။

အဲသလို သိလို့ ယခုဝမ်းမြောက်ဝမ်းသာ အဖြူရောင်ကောင်းမှုတွေကို ပြုလုပ်အားထုတ်ပြီး

http://www.dhammadownload.com



နေကြတာပါပဲ။

* အပါယ်ဆင်းရဲ၊ ဘုန်းကံနည်းကြောင်း၊
  မကောင်းမှုမှာ၊ မည်းညစ်တာ၊
  မှတ်ပါမပြုရှောင်။
* ချမ်းသာသုံးတန်၊ ဘုန်းကံကြီးကြောင်း၊
  မြတ်ကောင်းမှုမှာ၊ ဖြူစင်တာ၊
  မှတ်ပါပြု၍ဆောင်။
* အဖြူအမည်း၊ မတူဘဲ၊
  လမ်းခွဲ၍သာဆောင်။
* အဖြူသမား၊ အပေါ်သွား၊
  အောက်သွားအမည်းမှောင်။
* အဖြူကောင်းမှု၊ ရအောင်ရ၊
  အပြုအမည်းရှောင်။

အမည်းရှောင်ဆိုတာ ရှောင်ရမှာ၊ အဖြူရောင်ဆိုတာ ဆောင်ရမှာ၊ ဒါကြောင့် သုက္ကာ–ချမ်းသာသုံးတန် ဘုန်းကံကြီးကြောင်း၊ ကောင်းမြတ်ဖြူစင်ကြကုန်သော၊ ဓမ္မာ–ကောင်းမှု ကုသိုလ်တရားတို့သည်။ သံဝိဇ္ဇန္တိ –ကောင်းစွာမသွေ၊ ထင်ရှားရှိနေကြပါပေကုန်သတည်း။

http://www.dhammadownload.com

# အမည်းရောင်များပြီး
# အဖြူရောင်အားနည်းတယ်

ကိုယ့်စိတ်မှာကိုက အဖြူရောင်နဲ့ အမည်းရောင်နှစ်ခုရှိနေတယ်၊ အမည်းရောင်က များများ၊ အမည်းရောင်များလို့လည်း သံသရာမှာ အပေါ်လမ်းကသွားရတာနဲ့ အောက်လမ်းကသွားရတာမှာ အောက်လမ်းကသွားခဲ့ရတာကများများ။

ကိုယ့်စိတ်ကလေးကို ၅ မိနစ်လောက် အကဲခတ်ကြည့်ပါ၊ အဖြူရောင်စိတ်နဲ့ အမည်းရောင်စိတ်၊ ဘယ်ဟာကများနေသလဲ?

တရားအလေ့အကျင့်နည်းတဲ့ ပုဂ္ဂိုလ်မှာ ၅ မိနစ်သာ စေ့သွားရော၊ အဖြူရောင်စိတ်က တယ်မပါချင်ဘူးဗျ။

တစ်ခါတစ်ရံ ကြိုးစားကြည့်တယ်၊ ၁ မိနစ်လောက်တော့ (ကြိုးကြိုးစားစား) အဖြူရောင်လေး

http://www.dhammadownload.com



လုလို့ရတယ်၊ ၄ မိနစ်လောက်က လက်လွှတ်လိုက်ရတယ်၊ အမည်းရောင်ဘက်ပါသွားတယ်။

အဲသလို စသည်ဖြင့် ကုသိုလ်မှန်းသိတဲ့ လူ့ဘဝရောက်တာတောင်မှ တရားမှန်းသိတဲ့ လူ့ဘဝရတာတောင်မှ၊ စိတ်အထိန်းအသိမ်း မတတ်ရင် အမည်းရောင်တွေကများပြီး အဖြူရောင်တွေက နည်းတယ်။

# အဖြူရောင်နည်းသော်လည်း

သို့သော် အဖြူနဲ့အမည်းမှာ အမည်းက များပြီး အဖြူရောင်နည်းသော်လည်း အားချင်း ယှဉ်ကြည့်ပါ။

အားချင်းယှဉ်ကြည့်ရင် အဖြူရောင်က အားကောင်းတယ်၊ ဘာလို့တုန်း စိတ်ကိုနိုင်လို့, စိတ်အပေါ်ဩဇာညောင်းလို့သာ အဖြူရောင် ကောင်းမှု ရတာ။

အမည်းရောင်ဆိုတာ စိတ်ကိုမနိုင်လို့ လွှတ်ချလိုက်တာ၊ စိတ်အပေါ်မှ လုံးဝဩဇာ မညောင်း

http://www.dhammadownload.com



ပါဘူး၊ စိတ်မနိုင်လို့ လွှတ်ချလိုက်တာ ဖြစ်သော ကြောင့်များသော်လည်း အားမကိုးရပါဘူး။

ကုသိုလ် (အဖြူရောင်)နဲ့ ယှဉ်ကြည့်ရင် သူ(အမည်းရောင်) က အားလည်းမကောင်းပါဘူး၊ သူ(အမည်း)က အပယ်ခံ ပဟာတဗ္ဗတရားဘဲ။

ကုသိုလ်(အဖြူရောင်)ဆိုတာက ပဟာယက ပယ်သတ်တတ်တဲ့ တရားဘဲ၊ စွမ်းအားချင်း ယှဉ်ကြည့်ရင် အဖြူရောင်ကအားကောင်းတာချည်း ပဲ။

တကယ်လည်း ယှဉ်ကြည့်ရင် အမည်း ရောင်က အပယ်ခံတရားပါ၊ အဲဒီအဖြူနဲ့ အမည်း မှာလည်း အဖြူရောင် ကောင်းမှုကို လုပ်ကြတဲ့ အခါမှာ သဒ္ဓါတရားနဲ့ စွမ်းအားကို ယုံကြည် လက်ခံမှ စွမ်းအားဘယ်လောက် ရှိတယ်လို့ ဉာဏ်နဲ့ မြင်မှ၊ အဖြူရောင် ကုသိုလ်လုပ်ဖြစ်ပါတယ်။

ဒါမှမဟုတ်ရင်တော့၊ စိတ်မနိုင်သလောက် စိတ်မှာ အမည်းရောင်တွေချည်းလွှမ်းပြီးတော့ အဖြူ ရောင်တရားစွမ်းအားကို လက်လွှတ်ကြရမှာ။

http://www.dhammadownload.com

# မိုက်မှဗာလခေါ်တာမဟုတ်ဘူး

* စွမ်းအင်ဓမ္မ၊ မသိကြ၊ ဗာလကုသိုလ်ရှောင်၊

ဒါနဘယ်လောက်စွမ်းတယ်လို့ မသိတဲ့ပုဂ္ဂိုလ်တွေ၊ သီလဘယ်လောက်စွမ်းတယ်လို့ နားမလည်တဲ့ပုဂ္ဂိုလ်တွေ၊ သမာဓိပညာခေါ်တဲ့ ဘာဝနာစွမ်းအား ဘယ်လောက်အားကိုးရတယ်လို့ မသိမြင်ကြတဲ့ ပုဂ္ဂိုလ်တွေကို ဗာလလို့ခေါ်တယ်။

* မိုက်မှဗာလခေါ်တာမဟုတ်ဖူး၊
* ဖျင်းတာလည်း ဗာလဘဲ၊
* အရှိကိုအရှိအတိုင်း
* သိမြင်ခွင့် မရရင်ဖျင်းတာပဲ၊
* ဖျင်းရင်လည်း ဗာလလို့ခေါ်တယ်။

http://www.dhammadownload.com



ဗာလတွေဟာ ကုသိုလ်ကို ရှောင်သွားကြတယ်၊ အမည်းရောင်သမားတွေဟာ ကုသိုလ်ကို ရှောင်သွားကြတယ်။

http://www.dhammadownload.com

## သဒ္ဓါ,ပညာ အားနည်းရင် ကုသိုလ်မလုပ်ရဲဘူး

* ကုသိုလ်တိုင်းဘဲ၊ မလုပ်ရဲ၊
  ခက်ခဲသယောင်ယောင်၊

သဒ္ဓါ, ပညာအားနည်းတဲ့ပုဂ္ဂိုလ်တွေဟာ ကုသိုလ်ဆိုရင် မလုပ်ရဲဘူး၊ ဒါနလေးလုပ်ပါဦး ဆိုရင် မလောက်ဘူး၊ မရှိဘူး၊ မပြည့်စုံသေးဘူး ဗျနဲ့ ဆင်ခြေအမျိုးမျိုးပေးတတ်တယ်။

အလှူလုပ်ရမှာဆိုရင် သူက ကုန်မှာကိုပဲ ကြောက်နေတယ်၊ နောက်ကရမှာကိုမမြင် စိုက်ပျိုးရေးသားပုံစံနဲ့ မြင်အောင်မကြည့်တတ်တော့ အလှူလုပ်ရမှာ ကြောက်တယ်။

http://www.dhammadownload.com



သီလကျင့်သုံးရမှာလည်း ကြောက်တယ်၊ သမာဓိပွားများရမှာကြောက်တယ်၊ ဝိပဿနာပွားများအားထုတ်ရမှာ သိပ်ပြီးတော့ကြောက်တယ်။

ကုသိုလ်ဆိုရင် ခက်တယ်ချည်း ထင်နေတော့တာပဲ၊ ဘယ်ကုသိုလ်မှမလုပ်ရဲဘူး၊ ကိုယ့်ဟာကိုယ် သိပ်ညာနေတယ်၊

မညာသင့်တာညာ၊ ယူရမယ့်ဥစ္စာ မယူဖြစ်တော့လည်း အမည်းရောင်တွေပဲလွှမ်းသွားမှာပေါ့၊

http://www.dhammadownload.com

# ကုသိုလ်လုပ်ရဲကြတာက

* စွမ်းအားသိမြင်၊ ယုံကြည်လျှင်၊
  ပျော်ရွှင်အားရကုသိုလ်ဆောင်၊

ယခုပရိသတ်အပေါင်း သူတော်ကောင်းတွေ၊ သဒ္ဓါပညာမေတ္တာနဲ့ စိတ်မှာအဖြူရောင်တွေ လွှမ်းနေတော့၊ သဒ္ဓါပညာ မေတ္တာစိတ်တွေ ကိန်းနေတော့ ကုသိုလ်လုပ်ရဲကြတာပေါ့။

အမြင်ကရှင်းတော့ ကုသိုလ်တရားတွေကို ဝမ်းမြောက်ဝမ်းသာဆောင်ရွက်နိုင်ကြတယ်၊ ဒီ(ကုသိုလ်)တရားဘယ်လောက်စွမ်းတယ် မြင်ထားတော့လည်း လုပ်ရဲကြတာပေါ့။

* ကုသိုလ်တိုင်းပ၊ လုပ်ရဲကြ၊
  လွယ်လှသယောင်ယောင်၊

ဒါနဘာခက်တာမှတ်လို့၊ ကိုယ်သုံးတဲ့ထဲက ဟောသလို၊ ဟောသလို ခွဲထုတ်လှူလိုက်ရင် ဒါနဟာ အလွယ်လေး ပေါ်လာသားပဲ၊ နောက်ပိတ်ဆုံး မိသားစုအချင်းချင်းကျွေးတာတောင်မှ အလှူပွဲကြီးတွေလိုလုပ်လို့ရသားပဲ၊ ဒါနများ တယ်ပျော်ဖို့

http://www.dhammadownload.com



ကောင်းပါလား၊ လွယ်လိုက်တာ။

ငါးပါးသီလများ ဘာခက်တာမှတ်လို့၊ လွယ်လွယ်လေးပဲ၊ ဘုရားဂုဏ်တော်ပွားများခြင်း၊ မေတ္တာပွားများခြင်းစတဲ့ သမာဓိဟာ ဘာခက်တာမှတ်လို့၊ လွယ်လွယ်လေးပဲ။

ဝိပဿနာအားထုတ်တာဆိုတဲ့ ခန္ဓာအရှိ ဉာဏ်မျက်လုံးဖွင့် ကြည့်ရတာ ဘာခက်တာမှတ်လို့ စသည်ဖြင့် ဘယ်ကောင်းမှုမှ ခက်တယ်လို့မမြင်၊

ပျော်လိုက်တာလည်းမပြောနဲ့ စွမ်းအားမြင်လေ,ပျော်လေ၊ စွမ်းအားအရှိ သိခွင့်ရလေ၊ ကုသိုလ်လုပ်ရတာ စိတ်ထဲမှာ ကြည်နူးလာလေ ဖြစ်လာတယ်။

* စွမ်းအင်မမွှ၊ မသိကြ၊ ဗာလကုသိုလ်ရှောင်၊
* ကုသိုလ်တိုင်းဘဲ၊ မလုပ်ရဲ၊<br>ခက်ခဲသယောင်ယောင်၊
* စွမ်းအားသိမြင်၊ ယုံကြည်လျှင်၊<br>ပျော်ရွှင်အားရကုသိုလ်ဆောင်၊
* ကုသိုလ်တိုင်းပ၊ လုပ်ရဲကြ၊<br>လွယ်လှသယောင်ယောင်

http://www.dhammadownload.com

## အဖြူနှင့်အမည်း
## အင်အားချင်းယှဉ်ကြည့်ရင်

ကုသိုလ်လုပ်ရတာ ပျော်နေတယ်ဆိုတာ အဖြူရောင်စိတ်ကြောင့်ပျော်တာ၊ အဖြူနဲ့အမည်းသည် အရေအတွက်ချင်းယှဉ်ရင်တော့ အမည်းရောင်ကများပါတယ်၊ အဖြူရောင်က အနည်းစုပါ။

သို့သော် အင်အားချင်းယှဉ်ပါ၊ အရေအတွက်ကို မကြည့်ပါနဲ့၊ အင်အားချင်းယှဉ်လိုက်တဲ့အခါ အဖြူရောင်ကအားကောင်းတယ်၊ အဖြူရောင်က စိတ်နိုင်လို့ စိတ်အပေါ် သြဇာညောင်းလို့ စိတ်အပေါ် အာဏာရှိလို့ရတာ။

အမည်းရောင်ဆိုတာ ကိုယ့်စိတ်အပေါ် သြဇာမညောင်းလို့၊ ကိုယ့်အာဏာကိုယ်ဖီဆန်လို့ ကိုယ့်အမိန့်ကိုယ် မနာခံလို့၊ စိတ်အစဉ်ပေါက်ကွဲလို့

http://www.dhammadownload.com



ပေါ်လာရတာ၊ ဒါကြောင့် အင်အားကျတော့ အဖြူရောင်လောက် မရှိပါဘူး။

http://www.dhammadownload.com

## အဖြူရောင်နှင့်အမည်း
## စွမ်းဆောင်ချက် တစ်ခြားစီ

အမည်းရောင်ဆိုတဲ့ အကုသိုလ်အဖြူရောင်ဆိုတဲ့ကုသိုလ်တို့ဟာ တာဝန်လည်း တစ်ခြားစီပဲ၊ စွမ်းဆောင်ချက်တွေကလည်း တစ်ခြားစီပဲ၊

အကုသိုလ်အမည်းရောင်ကျတော့ ရှိသလောက် ကိုယ်ကသူ့ကို တာဝန်ယူရမှာ၊ အဖြူရောင်ဖြစ်တဲ့ကုသိုလ်ကျတော့ သူကကိုယ့်ကို အကုန်တာဝန်ယူသွားမှာ–

အဖေဆိုလည်းသူ(ကုသိုလ်)ဘဲ၊ အမေဆိုတာလည်းသူပဲ၊ ဆွေမျိုးဆိုတာလည်းဒါပဲ၊ မိတ်ဆွေစစ်လည်း ဒါပဲ၊ ကိုယ်ပိုင်အစစ်ဆိုတာ လည်းဒါပဲ၊ ဘဝတစ်ခုရဲ့ အနှစ်ချုပ်လည်းဒါပဲ၊

http://www.dhammadownload.com



ပစ္စည်းဥစ္စာဘယ်လောက်ပေါပေါ၊ ဒါတွေဟာ ဘဝတစ်ခုရဲ့ အနှစ်ချုပ်မဟုတ်ပါ၊ ဘဝတစ်ခုကန့်သတ်ချိန်စေ့သွားရင် သူတစ်ခြား ကိုယ်တစ်ခြားပါ။

ဆွေမျိုးတွေဘယ်လောက် ပေါတယ်ပြောပြော၊ ဒါဟာ ဘဝတစ်ခုရဲ့ အနှစ်ချုပ်မဟုတ်ပါ၊ ကန့်သတ်ချိန်စေ့သွားရင် သူတစ်ခြား ကိုယ်တစ်ခြားပါ။

ကောင်းမှုကုသိုလ်ဆိုတဲ့ အဖြူရောင်တရားကတော့ ဘဝတစ်ခုလုံးရဲ့ အနှစ်ချုပ်၊ သူကကိုယ့်ကို အကုန်တာဝန်ယူသွားမှာ။

http://www.dhammadownload.com

# တာဝန်ယူရမှာနော်

* **အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ၊ ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊တာဝန်ယူရပါ။**

အမည်းရောင် အကုသိုလ်လုပ်ချင်တယ် ဆိုရင်၊ ကိုယ့်ဟာကိုယ် ဉာဏ်သတိဝင်လာရင် စဉ်းစားတတ်တယ်ဗျ။

"တာဝန်ယူရမှာနော်၊ မှားသလောက် တာဝန်ယူရလိမ့်မယ်နော်၊ တာဝန်ယူနိုင်ရင်လုပ်ပါ၊ တာဝန်ယူရမှာက အတိုးနဲ့ တာဝန်ယူရမှာနော်၊ တာဝန်ယူနိုင်မှလုပ်ပါနော်"ဆိုတော့ ဉာဏ်သတိ လက်ဦးသွားတဲ့ပုဂ္ဂိုလ်က–

"ဟာ တာဝန်မယူနိုင်ဘူး၊ တော်ပြီ၊ ထမင်း တစ်ထပ်လေးစားရမှာနဲ့ တစ်ဘဝလုံးဒုက္ခရောက်

http://www.dhammadownload.com



အောင် ငါမလုပ်ဖူး၊ တစ်သက်လုံး တစ်သံသရာလုံး ဒုက္ခရောက်အောင် ငါမလုပ်ဖူး”

အဲသလို အမည်းရောင် အကုသိုလ်ကို ဉာဏ်သတိကောင်းသူ ရှောင်ဖြစ်တယ်ဗျ၊ ရှောင်ရင်းနဲ့ အဖြူရောင်ဘက်ပြောင်းသွားတာပါပဲ။

http://www.dhammadownload.com

# တာဝန်ယူသွားတယ်

* **ကုသိုလ်အစ၊ ကောင်းစွာပြုက၊ စိတ်အေးရအောင်၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ တာဝန်ယူသွားပါ။**

ကုသိုလ်ကျတော့ စိတ်နိုင်လို့ရတာ၊ ကိုယ့်စိတ်အပေါ် ဩဇာညောင်းလို့ရတာဆိုတော့ သူကကိုယ့်ကို အကုန်တာဝန်ယူသွားမှာ၊ လိုတာလည်း အကုန်ပေးမယ်၊ လိုတာအကုန်ပြော။

အကုသိုလ်ကျတော့ မလိုတာ အကုန်ပေးမယ်၊ လိုတာအကုန်ဖျက်ဆီးပစ်မယ်၊ ဆန့်ကျင်ဘက်တွေပေါ့။

ဒါကြောင့် သုက္ကာ– ချမ်းသာသုံးတန်၊ ဘုန်းကံကြီးကြောင်း၊ ကောင်းမြတ်ကြကုန်သော၊

http://www.dhammadownload.com



ဓမ္မာ-ကောင်းမှုစွမ်းအား မြတ်တရားတို့သည် သံဝိဓ္ဓန္တိ-ကောင်းစွာမသွေ ထင်ရှားရှိကြပါပေကုန် သတည်း။

http://www.dhammadownload.com

# အကောင်းကသာစမြဲ

အကောင်းနဲ့အဆိုးဆိုတာ အရေအတွက်တော့ ယှဉ်မကြည့်နဲ့၊အဆိုးကအများကြီး၊အကောင်းဆိုတာ အနည်းစုလေးရယ်။

သို့သော် အင်အားချင်းယှဉ်ပါ၊ အကောင်းကသာစမြဲပါ၊ လောကမှာ ဘုရားဟာ တစ်ခါပွင့်ရင်တစ်ဆူပဲပွင့်တယ်၊ နည်းလှချည်လားလို့ အားမငယ်လိုက်ပါနဲ့၊ အကောင်းသည် အရေအတွက်နည်းသော်လည်း အားကောင်းစမြဲပါ။

ဘုရားတစ်ဆူရဲ့ စွမ်းအားဟာ သတ္တဝါတွေအများကြီး ခိုလှုံလို့ရတယ်၊ ဘုရားစွမ်းအားကို မှီခိုကြလို့ စွမ်းအားတွေကုန်နိုင်တယ်လို့မရှိ၊ အကောင်းတစ်ခု ပေါ်လာရင် သတ္တဝါအများကြီး မှီခိုရတယ်။

http://www.dhammadownload.com



ယခုလည်း ပရိသတ်အပေါင်း သူတော်ကောင်းတွေရဲ့ စိတ်ကောင်းစိတ်မြတ်အကောင်းဓာတ်တွေကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေလည်း မှီခိုရတယ်၊ လောကမှာရှိတဲ့လူအများလည်း မှီခိုရတယ်၊ နောင်သားစဉ်မြေးဆက်တွေလည်း မှီခိုရမှာပဲ။

အကောင်းဆိုတာ နည်းပေမယ့်အားကောင်းတယ်၊ ဒါကြောင့် အကောင်းဓာတ်တွေကိုမြင်လို့ ကုသိုလ်ကောင်းမှုတွေကို စိတ်ပါလက်ပါ ထက်ထက်သန်သန် တက်တက်ကြွကြွ လုပ်ကြတာ။

http://www.dhammadownload.com

# ငှက်မုဆိုးဦးတုတ်

ကဿပဘုရား သာသနာတုန်းက ဦးတုတ် ဆိုတဲ့ ဒကာတစ်ယောက် ရှိခဲ့ဖူးတယ်၊ ဦးတုတ်ရဲ့ အလုပ်က ငှက်မုဆိုးအလုပ်၊ ငှက်တွေကိုသတ်ပြီး တော့ ရှင်ဘုရင်ထံ နေ့တိုင်းဆက်သရတယ်၊

ပိုတဲ့ငှက်တွေကိုရောင်း အင်မတန်များတဲ့ နေ့ကျရင် ကိုယ်လည်း ချက်စား၊ ဒီလိုနဲ့ နေ့တိုင်း ငှက်တွေအများကြီးသတ်တာ။

တစ်ခါတစ်ရံ ငှက်တွေသိပ်များများကြီး ရလာတဲ့အခါမှာ ဒီနေ့ရောင်းမကုန်ရင် နောက်နေ့ ရောင်းဖို့ထားတယ်၊

နောက်နေ့ရောင်းဖို့ထားတဲ့အခါမှာ သူက လှောင်ချိုင့်နဲ့ လှောင်ထားတာမဟုတ်၊ ဒီအတိုင်း ထားတာဆိုတော့ မပြေးနိုင်အောင်၊ မပျံနိုင်အောင်၊

http://www.dhammadownload.com



ငှက်အရှင်လတ်လတ်တွေကို ခြေထောက်ရိုး တောင်ပံရိုးတွေ ချိုးထားတယ်။

ငှက်ကလေးတွေခမျာ နာလွန်းလို့ အော်လိုက်ကြတာ၊ မပြေးနိုင်ရှာကြဘူး၊ မပျံနိုင် ရှာကြဘူး၊

http://www.dhammadownload.com

# အမည်းရောင်ကို အမည်းမှန်း မသိဘူး

သူကတော့ ဟုတ်ပြီလို့ထင်မှာပေါ့လေ၊ သူ့ အမည်းရောင်ကြီးကို သူ့ဟာသူ ဟုတ်တယ် ထင်နေမှာပေါ့၊ အဝိဇ္ဇာအမည်းဖုံးထားတော့ အမည်းကို အမည်းမှန်းမသိဘူးပေါ့၊ အမည်းကြောင့်ဘဲ အမည်းကို အမည်းမှန်း မသိတာ။

"ဪ ဒီကိစ္စဟာ ငါ့ထံပြန်လာမှာပါလား ငါက တာဝန်ယူရမှာပါလား"လို့ ဉာဏ်သတိ မဝင်ပါ။

တစ်ရက်ထဲလည်း မဟုတ်ဘူး၊ တစ်လထဲ လည်း မဟုတ်ဘူး၊ တစ်သက်လုံး ဒီလိုလုပ်နေတာ၊ အဲသလိုလုပ်သွားလိုက်တာ အမည်းရောင်တွေ

http://www.dhammadownload.com



တော်တော်များလာတယ်။

အကုသိုလ်အမည်းတွေကို မပြဘဲ ရှောင်ရမယ့်အစား ပြုပြီးတော့ ဆောင်ထားတယ်၊ အောက်(အပါယ်)ကို သွားစေနိုင်တဲ့ အမည်းရောင် (အကုသိုလ်)တွေကိုသာ သူကတစ်ဘဝလုံး ပြုလုပ်နေတယ်။

http://www.dhammadownload.com

# ကုသိုလ်ပြုခွင့်ကြုံတော့ ဝမ်းသာလိုက်တာ

တစ်နေ့သောအခါမှာတော့ ဦးတုတ်ဟာ မိသားစုတွေစားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငှက်သားဟင်းတွေရော၊ ထမင်းတွေရော အများကြီး ချက်ပြုတ်ထားတယ်။

ဒီအချိန်မှာ ကဿပဘုရား သာသနာတွင်းဆိုတော့ ရဟန္တာအရှင်မြတ်တစ်ပါးက ဦးတုတ်ကို အိမ်ရှေ့ကို သပိတ်ပိုက် သက်န်းရုံပြီး ဆွမ်းခံကြွတယ်။

ဦးတုတ်ကမြင်တယ်၊ မြင်တော့လည်း သဒ္ဓါတရားပေါ်လာတယ်၊ တရားဗဟုသုတ မနည်းဘူးဗျ၊ သမုဒ္ဒရာဝမ်းတစ်ထွာ ကိစ္စအတွက်သာ ငှက်တွေသတ်ရောင်းနေတာကိုး။

http://www.dhammadownload.com



* စွမ်းအားသိမြင်၊ ယုံကြည်လျှင်၊
  ပျော်ရွှင်အားရကုသိုလ်ဆောင်။
* ကုသိုလ်တိုင်းပ၊ လုပ်ရဲကြ၊
  လွယ်လှသယောင်ယောင်။

ကုသိုလ်လုပ်ချင်လာတယ်၊ ကုသိုလ်လုပ်ရတာပျော်စရာအလုပ်လို့ သူမြင်လာပါတယ်၊ ရဟန္တာအရှင်မြတ်ကြီး ဣန္ဒြေသိက္ခာတည်ငြိမ်ရင့်ကျက်စွာနဲ့ အိမ်ဝကို ဆွမ်းလာရပ်တော့ ဦးတုတ်ကြီး တစ်ယောက်ကြည်ညိုလိုက်တာ၊

"သြော် အရှင်မြတ်ကြီး ဒို့အိမ်ပေါက်ဝ ဆွမ်းခံကြွပြီ၊ ပင့်လည်းမပင့်ရဘဲနဲ့အလိုက်သိသိ ကြွလာတာ ဒို့များ ကံကောင်းလိုက်တာ"

သဒ္ဓါတရား ပညာတရား မေတ္တာတရား အားကောင်းတဲ့ပုဂ္ဂိုလ်များ ကုသိုလ်ပြုခွင့်ကြုံရင် သိပ်ဝမ်းသာတာဗျာ၊

"ဒို့ကို ရွှေထုပ်ကြီးတွေ လာပေးတာထက် အင်အားကောင်းတွေလာပေးတာ၊ ရော့ ပိုက်ဆံလို့ လာပေးတာထက် အားကိုးစရာကောင်းတဲ့ စွမ်းအားတွေ လာပေးတာ၊ ဒို့ကိုချီးမြှောက်တာ"

ဦးတုတ်ကြီးက အမြင်ရှင်းတယ်၊ ငှက်တွေ

http://www.dhammadownload.com



သတ်တာက သတ်တာတစ်ခြား၊ ကုသိုလ်ပိုင်းကျ တော့ သိပ်ပြတ်သားတယ်၊ အသိပညာလည်း ရှိတယ်ဗျ။

## အဖြူရောင်ကောင်းမှုနဲ့ လာရောက်ချီးမြှောက်တာ

"ဒို့ကပင့်လည်းမပင့်ရဘဲနဲ့ ဒို့အိမ် ရှေ့ကို အလိုက်သိသိ အိမ်ရှေ့အရောက် ကြွလာတော်မူတဲ့ အရှင်မြတ် ဒို့ကိုလာပြီး ဒါနသီလ ဘာဝနာတွေနဲ့ ချီးမြှောက်တော်မူတာ၊ ဒို့ရဲ့တစ်ဘဝမျှသာမက နိဗ္ဗာန်အရောက် သံသရာတစ်လျှောက်လုံး ကောင်း စေနိုင်တဲ့ အဖြူရောင်ကောင်းမှုတွေနဲ့ ဒို့ကိုလာ ပြီးတော့ ချီးမြှောက်တော်မူတယ်"

မုဆိုးကြီးဦးတုတ်က ဒီလိုနေရာမျိုးကျတော့ တော်တော်အမြင်ကျယ်တယ်၊ အဖြူရောင်စိတ်တွေ ဝင်လာပြန်တော့ အမြင်လေးကရှင်းလို့။

http://www.dhammadownload.com



"နိဗ္ဗာန်အရောက် သံသရာတစ်လျှောက် ကောင်းကျိုးပေးစွမ်းနိုင်တဲ့ကောင်မှုတရားရအောင် ဒို့ကိုလာပြီး ချီးမြှောက်တော်မူတာ၊ အဆင်သင့် လိုက်လေ, ထမင်းတွေ ငှက်သားဟင်းတွေ အများ ကြီးချက်ထားပြီးသားဆိုတော့ လောင်းလှူရုံပဲ"

အရေးကြီးတာက ကိုယ့်သန္တာန်မှာ သဒ္ဓါ တရားရှိဖို့ပဲ၊ သဒ္ဓါတရားနဲ့ စေတနာသန့်စင် မွန်မြတ်မယ်ဆိုရင် အလှူတစ်ခုလုပ်ဖို့ ခက်တာမှ မဟုတ်ဘဲ၊

http://www.dhammadownload.com

# အလှူတစ်ခုဖြစ်ဖို့ရန်အတွက် အင်္ဂါ(၃)ချက်

* သဒ္ဓါလှူရန်၊ အလှူခံ၊ သုံးတန်စုံမှသာ။
* ဒါနတရား၊ ကောင်းမှုများ တိုးပွားပေါ်ထွက်လာ။
* ထိုသုံးပါးတွင်၊ သဒ္ဓါလျှင်၊ လွန်ပင်ရခဲတာ။

အလှူတစ်ခုဖြစ်ဖို့ဆိုတာ အင်္ဂါ(၃)ချက်လိုတယ်၊ သမ္မုခိဘာဝသုတ်မှာ ဆိုထားတယ်၊ ကိုယ့်ရဲ့ အဇ္ဈတ္တသန္တာန်မှာ ယုံကြည်မှုသဒ္ဓါတရားလည်း လိုတယ်၊ စိတ်ကိုအဖြူရောင်ဖြစ်အောင် ဖော်ထုတ်ပေးတဲ့ သဒ္ဓါတရားလည်း လိုတယ်။

လှူရန်ပစ္စည်းဝတ္ထု၊ လှူစရာပစ္စည်းလည်း လိုတယ်၊ အလှူခံပုဂ္ဂိုလ်လည်းလိုတယ်၊ ဒီသုံးခုစုံမှ အလှူဒါနတစ်ခုဖြစ်တာ။

http://www.dhammadownload.com



ဦးတုတ်ကြီးကလဲ တွေးမိတယ်လေ။

"ဒို့မှာ လှူစရာပစ္စည်းလည်း အဆင်သင့်ရှိနေပြီ၊ အလှူခံပုဂ္ဂိုလ်အရှင်မြတ်ကြီးလည်း အိမ်ပေါက်ဝ ရောက်နေပြီး ကိုယ့်ဘက်က သဒ္ဓါတရား အရင်းအနှီး စိုက်ဖို့ပဲလိုတော့တယ်၊ ကုသိုလ်စွမ်းအားဘယ်လောက်ကြီးမားတယ်လို့ သိတဲ့မိသားစုဘဲ၊ ဘာဖြစ်လို့ မလှူရဲရမှာလဲ၊ ကုန်တာမှမဟုတ်ဘဲ၊ နောက်ကတန်းစီပြီး ရမှာပါလား"

ဒါကြောင့် ဦးတုတ်ကြီးက သဒ္ဓါတရား အရင်းအနှီး စိုက်ပါတယ်။

http://www.dhammadownload.com

# ခက်ခဲတာက သဒ္ဓါတရား

အလှူတစ်ခုလုပ်တဲ့အခါ ခက်ခဲတာက သဒ္ဓါတရားပါ၊ တရားရဲ့အဓိက ကုန်ကြမ်းပစ္စည်းက သဒ္ဓါတရားပါလား၊ စိတ်ကောင်းပါလား၊ စိတ်ကောင်းကို သဒ္ဓါတရားက ဖော်ထုတ်နိုင်ပါတယ်။

တရားရဲ့ အဓိကကုန်ကြမ်း ပစ္စည်းသည် ပိုက်ဆံလည်းမဟုတ်ပါ၊ အားလပ်ချိန်လည်းမဟုတ်ပါ၊ စိတ်ကောင်းသာဖြစ်တယ်။

ဒါနနဲ့တန်အောင် စိတ်ကလေးကောင်းလှတဲ့ ပုဂ္ဂိုလ် ဒါနလုပ်ရတာပျော်ကြတာပဲ၊ သီလနဲ့ ထိုက်တန်အောင် စိတ်ကောင်းတဲ့ပုဂ္ဂိုလ် သီလ ကျင့်သုံးရတာ ပျော်ကြတာပဲ၊ သမာဓိဘာဝနာနဲ့ ထိုက်တန်အောင် စိတ်ကောင်းလာတဲ့ ပုဂ္ဂိုလ်တွေ၊

http://www.dhammadownload.com



သမာဓိပွားရတာ ပျော်ကြတာပဲ၊ ဝိပဿနာနဲ့ တန်အောင် စိတ်တွေကောင်းပြီးလာတဲ့ ပုဂ္ဂိုလ်တွေ၊ ဝိပဿနာအားထုတ်ရတာ ပျော်ကြတာပဲ၊ စိတ်ကောင်းသလောက်ပဲ တရားက လက်ခံသကိုးဗျ။

စိတ်ကောင်းသလောက်သာ တရားစွမ်းအားကို လက်ခံတာဆိုတော့ စိတ်ကောင်းသလောက်တရားအလုပ်လုပ်ရတာပျော်တယ်။

သဒ္ဓါတရားသည် ရခဲတာမှန်သော်လည်း မုဆိုးကြီးဦးတုတ်ရဲ့ သန္တာန်မှာ လွယ်လွယ်ကူကူပဲ သဒ္ဓါတရားတွေ တဖွားဖွားဖြစ်လာတယ်၊ မလှူဘဲ မနေနိုင်လောက်အောင် သဒ္ဓါတရားက တအား ထက်သန်နေတယ်။

"ဘယ်သူပဲလာတားတား၊ ဒီအချိန်မှာတော့ ဖြစ်တဲ့နည်းနဲ့ လှူမယ်၊ ဒီလိုအခွင့်မျိုး၊ တောတ်တို့လိုကံကောင်းသူတွေသာ တွေ့နိုင်တာပါလား၊ ဒီအခွင့်အရေး ငါဘယ်လိုလုပ် အလွတ်ခံနိုင်ပါ့မလဲ"ဆိုပြီးတော့ ဝမ်းသာအားရ လောင်းလှူတယ်။

ဦးတုတ်ရဲ့ စေတနာသုံးတန် ထက်သန်ပြဋ္ဌာန်းပုံများ မလှူခင် ပုဗ္ဗစေတနာကလည်း ပြတ်သားတယ်။

http://www.dhammadownload.com



အရှင်မြတ်ရဲ့ သပိတ်လှမ်းယူ၊ သပိတ်ထဲ ဆွမ်းတွေ ငှက်သားဟင်းတွေရောအပြည့်ထည့်ပြီး တော့ အရှင်မြတ်လက်ထဲဆက်ကပ်တယ်။

## ဒါနမှုအတိုင်းပဲ

မုဆိုးက မုဆိုးတစ်ခြားဗျို့၊ အဖြူရောင် အလှူ လုပ်တော့လည်း သိပ်ပြတ်သားတယ်၊ ဒါနမှု အတိုင်းပဲလှူပါတယ်၊ သမုဒ္ဒရာဝမ်းတစ်ထွာ ကိစ္စ ကြောင့် အခြေအနေအရသာသူဟာ ပါဏာတိပါတ အကုသိုလ်လုပ်နေတာ၊ ကုသိုလ်မှန်းတော့ တော် တော်သိပါတယ်၊ သာသနာ့မျက်လုံး ရထားတာ ကိုး။

ဒီတော့ ဒါနမှုအတိုင်း ဝမ်းသာအားရပြုလုပ် အားထုတ်ပါတယ်။ ဒါနမှု(၆)ချက်ဆိုတာ–

(၁) နိဗ္ဗာန် ရည်မှန်းချက် ထားရမယ်။

နည်းနည်းလေးလှူလှူ၊ များများကြီးလှူလှူ၊ နိဗ္ဗာန်ရည်မှန်းချက်မထားရင် သာသနာမှာအလှူ

http://www.dhammadownload.com



ရှင်များ တာဝန်မကျေသေးပါ၊ ဒုက္ခလွတ်တာ ဒီတစ်ခုထဲရှိတယ်၊ သာသနာ့ပန်းတိုင်ကလည်း ဒါပဲ၊

ခန္ဓာနဲ့ ဆက်စပ်နေတဲ့အရာတွေမှန်သမျှ ရစဉ်က တပြုံးပြုံးနဲ့ လက်ခံနိုင်သော်လည်းပဲ နောက်ကကန့်သတ်ချက်လေးတွေ ပါနေတယ်၊ နှုတ်ခမ်းသတ်လေးတွေပါတယ်၊ ဘောင်ခတ်မှုလေးတွေပါတယ်။

ကန့်သတ်ချိန်စေ့တာနဲ့တစ်ပြိုင်နက်၊ လက်လွှတ်ရပြီဆိုတဲ့အချိန်တွေကျတော့ အရှုံးတစ်ပိုင်းတွေဖြစ်ကုန်ပြီး လူးလှိမ့်ပူဆွေး ငိုကြွေးပူလောင်ကြရမယ်၊ နိဗ္ဗာန်မှာ ဒါမျိုးမရှိပါ၊ ဒါကြောင့် မြတ်စွာဘုရားက ဘယ်အရှုပ်လုပ်လုပ် နိဗ္ဗာန်ရည်မှန်းချက်ထားလို့ ဟောကြားတော်မူခဲ့တာ။

http://www.dhammadownload.com

# အရှိရှေ့က အသိဦးမဆောင်နိုင်ရင်

(၂) ဉာဏ်ဦးဆောင်ပါ၊

ရှိလို့လူ့တာမဟုတ်ဘူး၊ သိလို့လူ့တာပဲ ဖြစ်ရမယ်၊ ရည်ရွယ်ချက်ထားတော့လည်း ရှိဖို့ဆိုတာထက် သိဖို့ကို ဦးစားပေး၊ အရှိနောက်က အသိမလိုက်နိုင်ရင်၊ ဒါမှမဟုတ် အရှိရှေ့က အသိ ဦးမဆောင်နိုင်ရင် အရှိနှိပ်စက်တာခံရမယ်။

တစ်လောကလုံးခြုံကြည့်ပါ၊ မရှိလို့ဆင်းရဲ တယ်ဆိုတာထက် ရှိလျက်သားနဲ့ ဆင်းရဲနေတဲ့ သူတွေ အများကြီးပါလား၊ ရှိတာကြောင့် ငိုနေရတဲ့ သူတွေ၊ ရှိတာကြောင့် ပူနေရတဲ့သူတွေ၊ ရှိတာ ကြောင့် ကြောက်နေရတဲ့လူတွေ၊ ရှိတာကြောင့် ရန်ဖြစ်နေရတဲ့လူတွေ အများကြီးပါ။

http://www.dhammadownload.com



ဒါကြောင့် အလှူလုပ်ရင် အမှတ်တမဲ့ မလုပ်ပါနဲ့၊ ရှိဖို့ထက် သိဖို့ကို ဦးစားပေး၊ ရှိလာရင် (ကိုယ်က) တရားစွမ်းအားပေါ်အောင်သုံးမယ်။

နှိပ်စက်တာ မခံနိုင်ဘူးလေ၊ စွမ်းအားပေါ်အောင်ထုတ်လုပ်မှာပဲ၊ ကုန်သွားတဲ့ထဲက မကုန်တဲ့တရား ကျန်ကိုကျန်ခဲ့ရမယ်။

ကိုယ့်အတွက် စားပြန်တော့လည်း ကုန်သွားတဲ့ထဲက မကုန်တဲ့တရား ကျန်ခဲ့ရမယ်၊ ကိုယ့်လက်ထဲက သူများလက်ထဲပေးလိုက်ပြန်တော့လည်း ကုန်သွားတဲ့ထဲက မကုန်တဲ့တရား ကျန်ခဲ့ရမယ်။

အဲသလို အသုံးချစွမ်းအားကို ထုတ်လုပ်ပြီးတော့ ဖော်ထုတ်နိုင်တဲ့ဉာဏ်မျက်လုံးပေါ်လာအောင် အသိပေါ်လာအောင် ဉာဏ်ဦးဆောင်ပါ။

http://www.dhammadownload.com

# အလှူရဲ့ တတိယတာဝန်

(၃) ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ကြီး လှူပါ။

လှူတယ်ဆိုတာ ယူတယ်လို့ စိုက်ပျိုးရေး ပုံစံနဲ့ကြည့်၊ ကုန်မှာကိုမကြည့်နဲ့၊ နောက်ကရလာမှာ တန်းစီပေါ်လာမှာတွေကိုကြည့်။

စိုက်ပျိုးရေးသမားဟာ စပါးကို ရေထဲမြေထဲ ရွှံ့ထဲကြဲလိုက်ရတာ ကုန်တယ်လို့မမြင် လက်လွှတ် လိုက်ရတယ်လို့မမြင်၊ ပင်ပမ်းတယ်လို့ မမြင်။

ဒါမျိုးလိုပေါ့၊ ယခု ပရိသတ်အပေါင်း သူ တော်ကောင်းတွေနှင့်တကွ ရဟန္တာအရှင်မြတ်ကြီး ထံ ဆွမ်းလှူဒါန်းတဲ့ ဦးတုတ်ကြီးတို့ စိုက်ပျိုးရေး သမားပုံစံကြည့်ပြီး လှူနေတာ၊ ဒါကြောင့် ပျော်နေ တာ။

http://www.dhammadownload.com



ဒါကြောင့် အလှူရဲ့ တတိယတာဝန်က ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ကြီးလှူပါ။

http://www.dhammadownload.com

# စတုတ္ထတာဝန်

(၄) တက်တက်ကြွကြွ၊ ထက်ထက်သန်သန် အောင်ပွဲတစ်ခု ရလိုက်သလိုလှူပါ။

အလှူတစ်ခုဟာ ကိုယ့်စိတ်အပေါ် ဩဇာညောင်းမှ လုပ်နိုင်တယ်၊ ပိုက်ဆံရှိတိုင်းလည်း မလုပ်နိုင်ဘူး၊ အားတိုင်းလည်း မလုပ်နိုင်ဘူး။

ကိုယ့်စိတ်အပေါ် ဩဇာညောင်းပြီး လောဘမစ္ဆေရ အတွင်းရန်ကိုနိုင်အောင် နှိမ်နင်းပြီးတော့ အောင်ပွဲဆင်နိုင်တဲ့ ပုဂ္ဂိုလ်များသာ လုပ်နိုင်တယ်။

ဒါကြောင့် တက်တက်ကြွကြွ ထက်ထက်သန်သန် အောင်ပွဲတစ်ခုရလိုက်သလို လှူပါ။

http://www.dhammadownload.com

# ပဋ္ဌမတာဝန်

(၅) သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး လမ်းကြောင်းရှင်းပြီးမှလူပါ။

တစ်လောကလုံးမှာ ဒုက္ခအပူထွက်ပေါက်ဆိုလို့ သီလ, သမာဓိ, ပညာဆိုတဲ့ သိက္ခာသုံးပါးထွက်ပေါက်တစ်ပေါက်ထဲရှိပါတယ်၊ ဒီထွက်ပေါက်တစ်ပေါက်ထဲရှိတယ်ဆိုတာ မသိကြလို့ ကမ္ဘာ့လူသားတွေကို အကဲခတ်ကြည့်ပေါ့ဗျာ။

စိတ်ညစ်တယ်၊ စိတ်ရှုပ်တယ်၊ စိတ်ပျက်တယ်၊ စိတ်ပူတယ်ဆိုရင် ထွက်ပေါက်ရှိမှန်းမသိတော့ စိတ်ကို ထုံဆေးထိုးနေကြတယ်၊ စိတ်ကို မေ့ဆေးကျွေးနေကြတယ်။

မခံနိုင်အောင် ပူလောင်လွန်းအားကြီးတော့ စိတ်ကို ထုံဆေးထိုးရတော့ တာပေါ့၊ မေ့ဆေး

http://www.dhammadownload.com



ကျေးရတော့တာပေါ့။

ထုံဆေးထိုးတယ်၊ မေ့ဆေးကျွေးတယ်ဆို တာ အရက်သောက်ကြတာတွေ၊ မူးယစ်ဆေး ဝါး သုံးစွဲကြတာတွေကို ခေါ်တယ်။

သာသနာထွက်ပေါက်သိတဲ့ ပုဂ္ဂိုလ်တွေကျ တော့ ကယောင်ကတမ်း ဘယ်လုပ်လိမ့်မလဲ၊ ကောင်းတဲ့စိတ်ကလေးကို မကောင်းအောင် ဘယ် လုပ်မလဲ။

ဒါကြောင့် အလှူတစ်ခုလုပ်တဲ့အခါမှာ ဒုက္ခအပူထွက်ပေါက်ကို ဖောက်ပြီးတော့မှ ရှင်းရှင်း လေးလှူပါ။

## ဆဋ္ဌမတာဝန်

(၆)အပူကင်းတဲ့စိတ်နဲ့ (သတိနဲ့) ရှေ့နဲ့ နောက် အသိချင်းစပ်ပြီးတော့ လှူပါ၊ အဲဒါ ပထမတန်းစားအလှူ၊ တာဝန်ကျေတဲ့အလှူပါ။

မှဆိုးကြီးဦးတုတ်၊ အလှူတာဝန်ကျေတယ် ဗျ၊ ဝမ်းသာအားရနဲ့ အရှင်မြတ်ကြီး သပိတ်ကို

http://www.dhammadownload.com



ဆက်ကပ်ပြီးတဲ့အခါ-

"အရှင်ဘုရား၊ ဤဆွမ်းကို လှူဒါန်းရခြင်းမှာ ရှိလိုလှူတာမဟုတ်ပါဘူးဘုရား၊ အသိတရားပေါ်လာလို့ လှူရတာပါ၊ ဘုရားတပည့်တော် ဤဆွမ်းကို လှူရသော ကုသိုလ်ကောင်းမှုကြောင့် အရှင်ဘုရားများ ထိုးထွင်းသိပြီးဖြစ်တဲ့ သစ္စာလေးပါး အမှန်တရားကိုသာ တပည့်တော် သိပါရစေဘုရား။

သစ္စာလေးပါး အမှန်တရားကိုထိုးထွင်းသိပြီးမှာ သာသနာ့ပန်းတိုင်ဖြစ်တဲ့ အရဟတ္တဖိုလ်နိဗ္ဗာန်အရောက်၊ ဘုရားတပည့်တော် မျက်မှောက်ပြုပါရစေဘုရား"

သရဏဂုံသီလတွေ ဆောက်တည်ပြီးတော့ အလှူဒါနကို စနစ်တကျ လုပ်တယ်၊ ရဟန္တာအရှင်မြတ်ကြီးကလည်း

"သင်တောင်းတဲ့ ဆုအတိုင်း ပြည့်စုံစေ"လို့ အနုမောဒနာပြုပြီးတော့မှ ပြန်ကြွသွားတယ်။

http://www.dhammadownload.com

# အဖြူရောင်ကဒ်တစ်ခုပဲ

ဦးတုတ်ကြီးတစ်သက်တာမှာ အဖြူရောင်ဆိုလို့ ဒီတစ်ခုပဲ မှတ်တမ်းတင်စရာရှိပါတယ်၊ အမည်းရောင်က တစ်သက်လုံးပဲ။

အဖြူရောင်မှတ်တမ်းတင်စရာဆိုလို့ ဒီတစ်ကြိမ်ထဲသာ ဝမ်းသာအားရ အလှူဒါန လုပ်လိုက်ရပါတယ်၊ သို့သော် အဖြူရောင်ကို အထင် မသေးပါနဲ့၊ အားကောင်းတယ်။

စနစ်တကျ စေတနာသုံးတန် ထက်သန်ပြဋ္ဌာန်း ဉာဏ်ဦးဆောင်၊ နိဗ္ဗာန်ဦးတည်ပြီးလုပ်တဲ့ အဖြူရောင်က များတော့မများဘူး၊ သို့သော် အားကောင်းတယ်။

အဲဒါနဲ့ ဘဝကန့်သတ်ချိန်စေ့ပြီး ဘဝပြောင်းတော့ အမည်းရောင်များတဲ့ အတိုင်းပဲ ငရဲရောက်ရတာပဲ၊ အပါယ်လေးဘုံလည်း ရောက်တာပဲ။

http://www.dhammadownload.com



ကုသိုလ်အထောက်အပံ့ကောင်းလို့ လူ့ဘဝရောက်တော့လည်း အသက်တိုတဲ့ ဘဝတွေရတယ်၊ တစ်ဘဝမှ သက်တမ်းစေ့အောင် မနေရဘူး၊ အသတ်ခံရတာနဲ့၊ ရောဂါထူပြောရတာနဲ့ (အမည်းရောင်ကြီးက ပါလာတယ်လေ)၊

အသိတွေရှိလာတဲ့အခါမှာလည်း ကုသိုလ်ကောင်းမှုကိုဆက် ဆက်ပြီး လုပ်တာပါပဲ၊ အဖြူရောင်မှန်းသိတဲ့အခါ ကြိုးစားအားထုတ်တာပါပဲ။

အဲဒါနဲ့ ဘဝသံသရာမှာ အောက်(အပါယ်)ဆင်းရတာကများများ၊ အပေါ်(သုဂတိဘဝ)တက်ရတာကနည်းနည်း၊ အပေါ်တက်တာတောင် သက်တမ်းစေ့ မနေရ၊ အမည်းရောင်ကြီးလိုက်လိုက်နေလို့။

အဲဒါနဲ့ အတိုချုံးပြောလိုက်တော့ ယခုနောက်ဆုံးဘဝမှာ ဤဘုရားသာသနာရောက်လာတယ်၊ ဤဘုရားသာသနာမှာ သာဝတ္ထိမြို့မှာ ပစ္စည်းပြည့်စုံတဲ့ အမျိုးသားတစ်ယောက် လာဖြစ်တယ်။

http://www.dhammadownload.com

# အလှူသူခိုး သတိထားဖို့ အရေးကြီးတယ်

အလှူလုပ်တဲ့အခါမှာ အလှူခံမြင်တဲ့ပြဲ၊ အလှူ သူခိုးကလည်း သတိထားဖို့အရေးကြီးတယ်။

အလှူခံပြဲကသိုလ် ခံပြဲဆိုတာ တဏှာ၊ အဝိဇ္ဇာမျက်နှာဖုံးကြီးစွပ်ပြီး တဏှာခံပြဲတိုက် တတ်တယ်။

မျက်နှာဖုံးစွပ်ပြီးတော့

"ဟော့ မင်း ဒါနငါ့ပေး၊ နိဗ္ဗာန်တွေဘာတွေ လုပ်မနေစမ်းပါနဲ့ ပစ္စုပ္ပန်ရောင်းလို့ကောင်း ဝယ်လို့ ကောင်း တော်ရောပေါ့"ဆိုပြီး အတင်းဝင်တိုက် တတ်တယ်။

http://www.dhammadownload.com



ဦးတုတ်ကြီးကုသိုလ်လုပ်တာ ခားပြတိုက်မခံဘူးဗျာ၊ ဉာဏ်သတိအားကောင်းတယ်ဗျ၊ ဒါကြောင့် နောက်ဆုံးဘဝမှာ သူ့အကျိုးပေးပါတယ်။

http://www.dhammadownload.com

# အဖြူရောင်ကုသိုလ် အကျိုးပေးရမယ့်အချိန် ရောက်လာတော့

တစ်နေ့သောအခါမှာ ဘုရားထံက တရားနာရလို့ သဒ္ဓါတရားတွေ အားကောင်းလာတယ်၊ ဘာကြောင့်လဲဆိုတော့၊ အဖြူရောင်ကုသိုလ်က အကျိုးပေးရမယ့် အချိန်ရောက်လာတယ်။

တရားနာလိုက်ပြီး သဒ္ဓါတရားတွေပေါက်၊ သာသနာ့ဘောင်ဝင် ရဟန်းပြု၊ သိသင့်သိထိုက်တာတွေသိအောင်သင်ကြား၊ လက်တွေ့ပွားများကြိုးစားအားထုတ်ပြီးတော့နေပါတယ်။

အဖြူရောင်ကုသိုလ် အကျိုးပေးနေဆဲမှာ၊ အမည်းရောင်က လိုက်လာပြီ၊ ခန္ဓာကိုယ်မှာ အနာတွေ ပေါက်လာတယ်၊ စောစောပိုင်းက မုန်ညင်း

http://www.dhammadownload.com



စေ့လောက် အနာတွေဟာ ဆေးကုလို့ မရဘူး၊ ကံနာဝဋ်နာ ဖြစ်တာကိုး။

တစ်လုံးက နှစ်လုံးပေါ်လာ၊ နှစ်လုံးက သယ်လုံးပေါ်လာပြန်ပြီဆိုသလိုပဲ၊ တစ်စတစ်စနဲ့ ဥသျှစ်သီးလောက်တောင်ကြီးလာတယ်၊ တစ်ကိုယ်လုံးမှာ သွေးတွေပြည်တွေချည်းဘဲ။

နောက်ပိုင်း မကြာဘူး၊ အရိုးတွေ ကျိုးလာတယ်၊ အခုကာလပြောပြောရရင် အရိုးကင်ဆာလို့ ပြောချင်လည်းပြောမှာပေါ့၊ အရိုးတွေ ကျိုးလာတယ်၊ အရိုးတွေ ဆွေးလာတယ်။

အဲဒါနဲ့ တုံးလုံးပက်လက်နေရတဲ့ အဆင့်ရောက်သွားတယ်၊ နံ့လွန်းလို့ ဘယ်သူမှ အနားမကပ်ဘူး။

သူလုပ်ခဲ့တဲ့အကုသိုလ်တွေက အနားကပ်စရာကောင်းတာတွေမှ မဟုတ်ဘဲ(အမည်းရောင်တွေ) ဒါနဲ့ခိုကိုးရာမဲ့ ဖြစ်နေတယ်။

http://www.dhammadownload.com

# ဘုရားရှင်ကြွရောက် ချီးမြှောက်တော်မူတယ်

တစ်နေ့သောအခါ မြတ်စွာဘုရားရှင်က ကျောင်းစဉ်လှည့်လည်သလို ကြွတော်မူရင်းနဲ့ မြင်တော့ ကိုယ်တော်တိုင် ရေနွေးအိုးတည်ပြီး ရေမိုးချိုးပေး၊ သင်္ကန်းများလျှော်ဖွပ်ပေးတယ်၊

ဘုရားကိုယ်တော်တိုင်က ပြုစုကျူညီစောင့် ရှောက်တော့လဲ၊ ဦးတိဿ(ရဟန်းဘွဲ့က ဦးတိဿ တဲ့) ကြီးအားရှိလိုက်တာ၊ စိတ်တွေနူးညံ့သိမ်မွေ့ပြီး "သြော် ဘုရားရှင်က ကိုယ်တော်တိုင် ကြွရောက်ပြီး ငါ့ကို ချီးမြှောက်တော်မူတယ်"နဲ့ အားရှိလာတယ်။

အဲဒါနဲ့ ဘုရားရှင်က ဦးတိဿ လန်းလန်း ဆန်းဆန်းဖြစ်လာတဲ့အခါ တရားဟောတော်မူ

http://www.dhammadownload.com



တယ်၊ တိဿရဟန်းက ခန္ဓာမှာ ဉာဏ်စိုက်ပြီး ဝိပဿနာ တရားပွားများရင်းနဲ့တရားနာ။

သူပြုဖူးတဲ့ အဖြူရောင်ကုသိုလ်က တိုးပြီး အကျိုးပေးနေတယ်။

http://www.dhammadownload.com

# စိတ်နဲ့ အပူကွာပြီးတော့

အဲဒါနဲ့ ဘုရားက သစ္စာလေးပါးပြ ဝိပဿနာ တရားဟောတယ်၊ တစ်နည်းဆိုရင် ခန္ဓာတီဗွီဖွင့်ပြတာပေ့ါ။

ခန္ဓာရုပ်မြင်နာမ်ကြားစက်ကြီး ဖွင့်ပြလိုက်တဲ့အခါ ဦးတိဿက ပက်လက်အိပ်နေရင်း တီဗွီကြည့်လိုက်တော့။

"ဟယ် ရုပ်နာမ်ပဲရှိပါလား၊ သူ့အလုပ်သူ လုပ်နေကြတာ၊ ဒါဟာငါမှမဟုတ်ဘဲ ငါ့ဟာမှ မဟုတ်ဘဲ၊ ရုပ်နာမ်တွေကြားထဲ ငါတွေငါ့ဟာတွေ သွားသွားထည့်လို့ ငါဆင်းရဲနေတာ"

ခန္ဓာတီဗွီကြည့်ပြီး ခန္ဓာဉာဏ်စိုက်ကြည့်နေလိုက်တာ၊ စိတ်နဲ့အပူကွာ အစွဲတွေလျော့ အစွဲတွေပြုတ်, မကြာခင် ဝိပဿနာဉာဏ်ရင့်

http://www.dhammadownload.com



ရဟန္တာ ဖြစ်သွားတယ်၊ မကြာခင်ပဲ ပရိနိဗ္ဗာန် စံသွားတယ်လို့ဆိုပါတယ်။

အဖြူအမည်းဆိုတာ တွဲသွားရင် အဲသလို တွဲအကျိုးပေးတာ၊ ယခုပရိသတ်အပေါင်း သူတော်ကောင်းတွေမှာ အဖြူရောင်ကို စိတ်ပါလက်ပါ တက်တက်ကြွကြွ ထက်ထက်သန်သန် ပြုလုပ်နေကြတာဆိုတော့ နိဗ္ဗာန်အထိ ဖြူစင်တဲ့လမ်းစဉ်နဲ့ ကံထိန်းခလုတ် ကြိုးစားတပ်ဆင်ကြရမှာပေါ့။

ဒါကြောင့် ကတပုညတ်-ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို ပဏ္ဍိတာ-ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့သည်၊ ပသံသန္တိ-ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် အဖြူအမည်း နှစ်လမ်းကွဲဆိုသော တရားကြားနာကြရတဲ့ ဓမ္မသဝန မင်္ဂလာနဲ့ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့် ဘေးရန် အပူခပ်သိမ်းလွတ်ငြိမ်းကြ၍၊ ကောင်းကျိုးချမ်းသာများ ကြီးပွားတိုးတက်ပြည့်စုံကြပြီးလျှင် သူတော်ကောင်းတရားတိုးပွားအောင် ကြိုးစားနိုင်လွယ်ကြလျက် ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ အသခ်တ

http://www.dhammadownload.com



ဓာတ်နိဗ္ဗာန်မြတ်ကို၊ လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက်မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

*ပရိသတ်အားလုံး*
*ကိုယ်စိတ်နှစ်ဖြာ*
*ကျန်းမာချမ်းသာကြပါစေ။*

http://www.dhammadownload.com

လူနဲ့ပစ္စည်း၊ ပစ္စည်းနဲ့လူ
ဘယ်အခါမှ ခွဲလို့မဖြစ်သလိုပဲ
လူနဲ့တရား၊ တရားနဲ့လူလည်း
ဘယ်အချိန်မှ ခွဲထားလို့မဖြစ်ဘူး

(ယော)ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com